# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၀၄၉)


# မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင်အထင်ကရ ဘုရား၊ ပုထိုးစေတီများ၌ တန်ဆောင်တိုင်ရုံးပိတ်ရက်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

မြောက်ဦး နိုဝင်ဘာ ၁၇

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ အထင်ကရ ရှေးဟောင်းသမိုင်းဝင်ဘုရား၊ ပုထိုးစေတီများ၌ တန်ဆောင်တိုင် အများပြည်သူ ရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့် ယနေ့ နံနက်ပိုင်းမှစ၍ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁ ❋*




## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ ဖတ်စရာ


**(၁၀)ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးကျင်းပ**

အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများ စတင်ကြောင်းကြေညာ

ပြည်တွင်းသတင်း၊ စာ - ၄

ရေရှည်အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ရေလုပ်ငန်းကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံးတို့က စနစ်တကျလိုက်နာဆောင်ရွက်ကြရန်လိုအပ်

ပြည်တွင်းသတင်း၊ စာ - ၅

အမျိုးသားနေ့နှင့် သမိုင်းသင်ခန်းစာ

ဆောင်းပါး၊ စာ - ၆


## ရန်ကုန် - ထားဝယ် - မြိတ် - ကော့သောင်း လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲမည်

ထားဝယ် နိုဝင်ဘာ ၁၇

ရန်ကုန်-ထားဝယ်၊ ရန်ကုန်-မြိတ်၊ ရန်ကုန်-ကော့သောင်း လေကြောင်းခရီးစဉ်များကို နေ့စဉ် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ထားဝယ်-ကော့သောင်း-ထားဝယ်-ရန်ကုန် ခရီးစဉ်များကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင်လည်းကောင်း၊ ရန်ကုန်-ထားဝယ်-ရန်ကုန် တိုက်ရိုက်ခရီးစဉ်ကို အင်္ဂါ၊ ကြာသပတေး၊ စနေ၊ တနင်္ဂနွေနေ့များတွင် လည်းကောင်း၊ ထားဝယ်-ကော့သောင်းခရီးစဉ်ကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် လည်းကောင်း ပြေးဆွဲမည်ဖြစ်ကြောင်း ထားဝယ်မြို့ Air KBZ မန်နေဂျာထံမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့်အဆိုပါလေကြောင်းလိုင်းများကို ပိတ်ထားခဲ့ရာမှ ပြန်လည်ဖွင့်လှစ်ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်-ထားဝယ်၊ ရန်ကုန်-မြိတ် လေကြောင်းခရီးစဉ်များကို နိုဝင်ဘာ ၁၉ ရက်မှစ၍ လည်းကောင်း၊ ရန်ကုန်-ကော့သောင်း ခရီးစဉ်များကို နိုဝင်ဘာ ၂၁ ရက်မှစ၍ လည်းကောင်း နေ့စဉ် ပြန်လည်ပြေးဆွဲမည်ဖြစ်သည်။ ရန်ကုန်-ကော့သောင်း လေကြောင်းခရီးစဉ်ကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ပြေးဆွဲလျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်မှစ၍ နေ့စဉ် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း Air KBZ လေကြောင်းလိုင်းတာဝန်ရှိသူထံမှ သိရသည်။

အဆိုပါခရီးစဉ်များကို MAI နှင့် Air KBZ တို့ ပူးပေါင်း၍ E190 လေယာဉ်ဖြင့် ပြေးဆွဲပေးမည်ဖြစ်ပြီး လေယာဉ်လက်မှတ်များကို ၀၁-၉၆၇၀၀၇၊ ၀၉-၉၆၉၅၀၀၀၀၇ တို့ကို ဆက်သွယ်၍ လည်းကောင်း၊ www.maiair.com နှင့် www.airkbz.com တို့တွင် လည်းကောင်း ဝယ်ယူနိုင်ကြောင်း သိရသည်။

**ရွှေပင်လယ်**

# သံဃာတော်များနေ့

တန်ဆောင်မုန်းလ ည၏ ကောင်းကင်သည် ဆီးနှင်းမြူတိမ်တို့ ပကတိကင်းစင်လျက် ကြည်လင်၍နေသည်။ လပြည့်ည ဝန်းစက်သော လမင်းသည်လည်း ကြယ်နက္ခတ်အပေါင်းတို့ ခြံရံကာ မြေကမ္ဘာကို အလင်းဓာတ်တို့ ဖြန့်ကြက်ပေးနေသည်။ ညသည် ကြည်လင်နေသည်။ ညသည် အေးမြနေသည်။ ညသည် တောက်ပနေသည်။ ညသည် တိတ်ဆိတ်နေသည်။ အာဏာကို အာသာငမ်းငမ်းရယူလိုသည့် ရမ္မက်မီးတို့ တညီးညီးတောက်လောင်လျက် မိမိ၏လိုဘကို ဖြည့်ရန်အလို့ငှာ အဖအရင်းကို သတ်ခဲ့သော ဘုရင် အဇာတသတ်အား ထိုလပြည့်ညက ညှို့ယူဆွဲဆောင်နေလေသည်။ သူသည် ရာဇပလ္လင်ပေါ်ထိုင်နေရသည်တိုင် မင်းစည်းစိမ်တို့ကို မခံစားနိုင်ဘဲ အဖကို သတ်ခဲ့မိသော ပဉ္စာနန္တရိယကံကြီးက ခြောက်လှန့်မှုကြောင့် အချိန်တိုင်းမှာ ပူပန်နေရသလို ညတိုင်းမှာလည်း ခြောက်အိပ်မက်များနှင့် အိပ်ပျက်ရပေါင်း များခဲ့ပြီဖြစ်သည်။

လသာနေသည့်အခါသမယ ရှုမငြီးဖွယ်တင့်တယ်လှပသော ဤသို့သော အမှတ်ရဖွယ်ရာ ညမျိုးတွင် အဘယ်သို့သော သမဏဗြဟ္မဏထံ ဆည်းကပ်လျှင် ကောင်းမည်နည်းဟု အဇာတသတ်မင်းက အမတ်တို့ထံ မေးမြန်းသည့်အခါ ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသ ကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယဗေလဋ္ဌပုတ္တ၊ နိဂဏ္ဌ နာဋပုတ္တအမည်ရှိသော တိတ္ထိဆရာခြောက်ဦးတို့၏ တပည့်အမတ် ခြောက်ဦးတို့က ၎င်းတို့၏ ဆရာများကို ချဉ်းကပ်ကြရန် အသီးသီး လျှောက်ထားကြသည်။ အဇာတသတ်သည် ၎င်းတို့၏ ဆရာများကို သဘောမကျ၍ ဆိတ်ဆိတ်နေခဲ့ကာ သမားတော်ဇီဝက တင်လျှောက်သည့် ဗုဒ္ဓမြတ်စွာဘုရားထံ ဆည်းကပ်ရန်ဟူသော အဆိုကို လက်ခံ၍ ဗုဒ္ဓဘုရားရှင် စံနေတော်မူသော ဇီဝကသရက်ဥယျာဉ်သို့ မိဖုရား၊ မင်း၊ ပရိသတ်များနှင့် တကွ ကြွချီပြီး ဘုရားရှင်အား ဆည်းကပ်လေသည်။

အဇာတသတ်သည် မြတ်စွာဘုရားနှင့်တကွ သံဃာတော် ၁၂၅၀ တို့ ခြံရံပြီး အေးချမ်းငြိမ်သက် တိတ်ဆိတ်စွာ သီတင်းသုံးစံပါယ်တော်မူနေသည်ကို တွေ့မြင်ခဲ့ပြီးသည့်နောက် အတတ်ပညာ တတ်မြောက်သူများသည် ထိုအတတ်ပညာဖြင့် မျက်မှောက်ဘဝအတွက် အကျိုးရရှိသကဲ့သို့ ရဟန်းဖြစ်ရခြင်း၏ လက်ငင်းမျက်မှောက် အကျိုးကျေးဇူးသည် အဘယ်နည်းဟု မေးလေသည်။ မြတ်စွာဘုရားကလည်း ရဟန်းဖြစ်ရခြင်း၏ ယခုဘဝ၌ လက်ငင်းရရှိသော အကျိုးကျေးဇူးများအဖြစ် လူ့ဘဝက မင်းခစားအမှုထမ်းတစ်ဦး ရဟန်းပြုလျှင် ဘုရင်သည်ပင်လျှင် ထိုရဟန်းအား ဝတ်ကြီးဝတ်ငယ်ပြုစု၍ ရိုသေလေးစားကြခြင်း ဟူသော သာမန်လောကီအကျိုးနှင့် စိတ်ကိုလေ့ကျင့်ခြင်း၊ အကျင့် သီလဆောက်တည်ခြင်းတို့ကြောင့် ရရှိသော အကျိုးထူး၊ အာသဝေါ ကုန်ခန်းကာ မဂ်ဖိုလ်ရခြင်းဟူသော ထူးကဲမွန်မြတ်သည့် အကျိုးတို့ကိုရရှိနိုင်ကြောင်း အကျယ်တဝင့် ရှင်းလင်းကာ အဇာတသတ်မင်း၏ အမေးပုစ္ဆာပြဿနာကို ရှင်းလင်းဖြေကြားတော်မူခဲ့သည်။

သာမညဖလသုတ်သည် အဇာတသတ်မင်း၏ အပူမီးကို ငြိမ်းစေခဲ့သည်။ ခမည်းတော်ကို သတ်ခဲ့မိသည့်အပြစ်ကို ဝန်ခံခဲ့ပြီး မြတ်စွာဘုရားထံ တောင်းပန်ခဲ့သည်။ ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးထံ ခိုလှုံကာ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူခဲ့သည်။ မိမိအမှားကို မိမိကိုယ်တိုင် သိမြင်ကာ မှားယွင်းကြောင်း ဝန်ခံခြင်း၊ တောင်းပန်ခြင်းတို့အားဖြင့် သမိုင်းတင်ကျန်မည့် အမည်းစက်ကို အဇာတသတ်သည် ကိုယ်တိုင်ပင် တိုက်ချွတ်ဆေးကြောကာ သာသနာပြုမင်းအဖြစ် အပြစ်ကြွေးတို့ကို ပေးဆပ်ခဲ့သည်။ သာမညဖလဒေသနာတော်သည် ရဟန်းပြုရခြင်း၏ အကျိုးကျေးဇူးများကို ပြဆိုခြင်းဖြစ်သည့်အလျောက် သာမညဖလအခါတော်နေ့သည်လည်း သံဃာတော်များနေ့အဖြစ် ကုသိုလ်တရားထူးတို့ ဆည်းပူးနိုင်ကြပါစေကြောင်း။ ။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။
- ★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။
- ★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)

## မောင်တောမြို့၌ အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲပြုလုပ်

**မောင်တော နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့၌ နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲ အထိမ်းအမှတ်နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မောင်တောခရိုင်ရုံး ကလေးစာဖတ်ခန်းတွင် ယနေ့နံနက် ၁၀ နာရီက ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပသည်။ (ယာပုံ)



ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မောင်တောခရိုင်ရုံးမှ ဦးစီးအရာရှိ (တာဝန်ပေး) ဦးဦးစိုးလွင်က အမျိုးသားအောင်ပွဲ အထိမ်းအမှတ်နေ့ ဖြစ်ပေါ်လာပုံများကို ကျောင်းသားကျောင်းသူများ သိရှိနိုင်ရေးအတွက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပရာ အမှတ် (၄) အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) မှ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၁၀ ဦးက ပန်းချီပုံများကို စိတ်ပါဝင်စားစွာ ဆေးရောင်ခြယ်ခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမဆု မောင်မြတ်မင်းဟိန်း၊ ဒုတိယဆု မောင်ရှူရာဂျန်း၊ တတိယဆု မောင်အောင်ဟိန်းကျော်၊ နှစ်သိမ့်ဆု မပန်းမြတ်ဖြူ တို့က ရရှိကြပြီး တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးကြောင်း သိရသည်။

**သက်လွင်စိုး ခရိုင်(ပြန်/ဆက်)**

## စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လို

မိမိတို့တာဝန်ယူသည့် ကာလအတွင်း စိုက်ပျိုးရေးတောင်သူများအား ထောက်ပံ့ကြေးပေးခြင်း၊ ချေးငွေများထုတ်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ သွင်းအားစုများအသုံးပြုခြင်းနှင့် မျိုးကောင်းများ အသုံးပြုပြီး ကောက်ကွက်ပြည့်အောင် စနစ်တကျစိုက်ပျိုးခြင်းဖြင့်၊ စပါးများအထွက်နှုန်းတိုးစေရေး ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်းကျင်းပသည့် (၁၃) ကြိမ်မြောက် အဆင့်မြင့်စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပါဝင်တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ နံနက် ၇ နာရီ မိနစ် ၄၀ တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့ ပူးပေါင်း၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၁၃) ကြိမ်မြောက် အဆင့်မြင့်စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်သည်။**



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်း၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၁၃)ကြိမ်မြောက် အဆင့်မြင့်စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်စဉ်။

ဖွင့်ပွဲအခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ခမ်ဗီဘာဝန်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ အုပ်ချုပ်ရေးမှူးနှင့် ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ မစ္စတာ အာချင်စတီနာတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

(၁၃) ကြိမ်မြောက် အဆင့်မြင့် စကားဝိုင်းဆွေးနွေးပွဲကို ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထိရောက်သောရလဒ်များ ရရှိရေးအတွက် လာအိုနိုင်ငံအစိုးရ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့များနှင့် ဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

ကျောင်းကုန်း နိုဝင်ဘာ ၁၇

အာဆီယံ The AHA Centerမှ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် လှူဒါန်းထားသည့် ဆေးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် ကျောင်းကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အမရာမော်နိုင်က မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် AHA Center မှတစ်ဆင့် ပေးပို့လှူဒါန်းသော အမေရိကန်ဒေါလာ ၁၁၈၂၉၀ ခန့်တန်ဖိုးရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် ဆေးပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်များသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက မြို့နယ်ကြက်ခြေနီအသင်းအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါလှုပ်ရှားမှုတွေမှာ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့က Oxygen Concentrator ငါးလုံးနှင့်Oxygen အိုး ၁၅ လီတာ လေးလုံး ပေးအပ်ရာ မြို့နယ်မှ တာဝန်ရှိသူများက လက်ခံရယူပြီး (ဓာတ်ပုံ)၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အေးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြို့နယ်ပြည်သူ့ ဆေးရုံသို့ Oxygen Concentrator နှစ်လုံး၊ ဒေါင့်ကြီးတိုက်နယ်ဆေးရုံသို့ တစ်လုံးနှင့် ကျောင်းကုန်းမြို့နယ် ကြက်ခြေနီအသင်းခွဲသို့ နှစ်လုံးနှင့် ၁၅ လီတာ အောက်ဆီဂျင်အိုး လေးလုံး ပေးအပ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မူဆယ်နယ်စပ် နန်းတော်ဂိတ်တွင် ဆက်လက်လက်ခံလျက်ရှိ

မူဆယ် နိုဝင်ဘာ ၁၇

တရုတ်နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မူဆယ်နယ်စပ် နန်းတော်ဂိတ်မှ ပြန်လည်လက်ခံပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၆၁ ဦး၊ အမျိုးသမီး ၁၄၂ ဦး စုစုပေါင်း ၃၀၃ ဦးကို ပြန်လည်လက်ခံခဲ့သည်။

ထို့နောက် တာဝန်ရှိသူများနှင့် သက်ဆိုင်သည့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိဒေသအသီးသီးသို့ ရောက်ရှိနိုင်ရေး မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# (၁၀) ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

# အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများ စတင်ကြောင်းကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ယနေ့နံနက် ၇ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် (၁၀)ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးကို နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးရုံးမှ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေး ဝန်ကြီးဌာန၊ ဝန်ကြီး(၂) H.E. Dato Dr. Amin Liew Abdullah နှင့် ကနေဒါနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် အငယ်စား စီးပွားရေးလုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဝန်ကြီး The Honourable Mary Ng တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးသို့ အာဆီယံနှင့် ကနေဒါနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် အဆင့်မြင့်စီးပွားရေးအရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အစည်းအဝေးတွင် ဝန်ကြီးများက ကိုဗစ်-၁၉ ကပ်ရောဂါ၏ စီးပွားရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် အဆိုပါသက်ရောက်မှုများကို လျော့နည်းစေရန် ဖြစ်နိုင်ခြေရှိသော ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံ-ကနေဒါ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅)၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ကနေဒါနိုင်ငံက ထောက်ပံ့ပေးမည့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များနှင့် ကနေဒါ-အာဆီယံ စီးပွားရေးကောင်စီမှ တင်ပြလာသော စီးပွားရေးဆိုင်ရာ အကြံပြုချက်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**မြန်မာနိုင်ငံက ပါဝင်ထောက်ခံ**

အဆိုပါအစည်းအဝေး၌ အနာဂတ် အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်အတွက် အပြီးသတ်ကိုးကားစာတမ်းကို ဝန်ကြီးများက အတည်ပြုခဲ့ပြီး အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများစတင်ကြောင်း ကြေညာရာတွင် မြန်မာနိုင်ငံက ပါဝင်ထောက်ခံဆွေးနွေးခဲ့သည်။

**အခွင့်အလမ်းများ ရရှိနိုင်မည်**

၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ-ကနေဒါ နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၉ ဘီလီယံရှိခဲ့ပြီး ကနေဒါမှ အာဆီယံနိုင်ငံများသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုသည် အမေရိကန် ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံရှိခဲ့သည်။ ကနေဒါနိုင်ငံမှ အာဆီယံသို့ ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုသည် နှစ်စဉ် ၁၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လျက်ရှိသည်။ အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်ကို ဆောင်ရွက်ခြင်းအားဖြင့် ကနေဒါနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါသဘောတူစာချုပ်တွင်ပါဝင်ခြင်းဖြင့် ကနေဒါနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာပြီး ကနေဒါဈေးကွက်သို့ မြန်မာ့ပို့ကုန်များ တင်ပို့နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ပြန်လည်စတင်ရေးနှင့် နယ်စပ်ဒေသများ ပြန်လည်ဖွင့်လှစ်ရေး၏ အရေးပါမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် နှစ်ဆန်းမှစတင်၍ ခရီးသွားကဏ္ဍများ ပြန်လည်ဖွင့်လှစ်ပေးရေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် စေ့စပ်ညှိနှိုင်းမှုများ စတင်ရန်ကိစ္စများကို ပါဝင်ဆွေးနွေးခဲ့သည်။

**ပူးတွဲထုတ်ပြန်ကြေညာ**

အစည်းအဝေး၌ (၁၀) ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ကြေညာချက်ကို အတည်ပြုခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိများလည်း တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် (၁၀)ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်စဉ်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အစီအစဉ်အဖြစ် " တူယှဉ်တွဲပျော် ဂီတပွဲတော်" တေးသီချင်းသီဆိုမှုနှင့် ဖျော်ဖြေပွဲအတွက် တိုင်းဒေသကြီးကိုယ်စားပြု ရွေးချယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မုံရွာ နိုဝင်ဘာ ၁၇**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အစီအစဉ်အဖြစ် " တူယှဉ်တွဲပျော် ဂီတပွဲတော် " တေးသီချင်းသီဆိုမှုနှင့် ဖျော်ဖြေပွဲအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ရွေးချယ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အစီအစဉ်အဖြစ် "တူယှဉ်တွဲပျော် ဂီတပွဲတော်" တေးသီချင်းသီဆိုမှုနှင့် ဖျော်ဖြေပွဲအတွက် တိုင်းဒေသကြီး ကိုယ်စားပြု ရွေးချယ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးကိုယ်စားပြု အဆိုရှင်များ သီဆိုယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးတင်သန်းဝင်းက ဆုရွေးချယ်ရေး စည်းမျဉ်း စည်းကမ်းများကို ဖတ်ကြားပြီး တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်လှလှဝင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ပြိုင်ပွဲဝင်အဆိုရှင်များအား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က အထူးဆု (၂) ရရှိသူအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က အထူးဆု(၁)ရရှိသူအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပထမဆုရရှိသော စစ်ကိုင်းခရိုင်ကိုယ်စားပြု ဦးအောင်မြင့်သိန်းအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး(ဝဲပုံ) ကူညီဆောင်ရွက်ပေးခဲ့သော အကဲဖြတ်ဒိုင်များကိုယ်စား အဆိုရှင်ဒေါ်သန္တာထံ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲအတွက် တိုင်းဒေသကြီးကိုယ်စားပြုအဆိုရှင်များ သီဆိုယှဉ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိခရိုင်များမှပြိုင်ပွဲဝင် ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြောင်းသိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

*✻ ရှေ့ဖုံးမှ*

ထိုသို့ တန်ဆောင်တိုင် အများပြည်သူရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများမှ မြောက်ဦးမြို့ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် အထင်ကရဘုရား၊ စေတီပုထိုးများဖြစ်သည့် ရန်အောင်ဇေယျ (ခေါ်)သျှစ်သောင်းပုထိုးတော်ကြီးအတွင်း လာရောက်ဖူးမြော်ကြသူများမှ ပုထိုးတော်ကြီးအတွင်းရှိ ရခိုင်ရှေးဟောင်းအနုပညာ ဗိသုကာလက်ရာများ၊ နံရံထွင်းကျောက်ဆစ်အနုပညာလက်ရာများနှင့် ၅၅၀ ဇာတ်နိပါတ်တော်များအား လည်းကောင်း၊ ထုက္ကန့်သိမ်ပုထိုးတော်ကြီးအတွင်းရှိ ရခိုင်လူမျိုးများ၏ ရိုးရာဝတ်စားဆင်ယင်မှုများဖြစ်သည့် ဘောင်းတော်ထုံးဖွဲ့ပုံအဆင့်ဆင့်နှင့် ဆံထုံးတော်ဆင်ယင်ထုံးဖွဲ့ပုံအဆင့်ဆင့်စသည့် ကျောက်ဆစ်အနုပညာဗိသုကာလက်ရာများအား ဘုရားဖူးလာရောက်ကြသော ပြည်သူများက စိတ်ပါဝင်စားစွာဝင်ရောက်လေ့လာကြည့်ရှုခဲ့ကြသည်။ ဆက်လက်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများအနေဖြင့် ရှေးခေတ်ရခိုင့် ရှေးဟောင်းဗိသုကာ ကျောက်ဆစ်လက်ရာများ၊ ရှေးဟောင်းအနုပညာ အမွေအနှစ်လက်ရာများအား လေ့လာကြည့်ရှုကြပြီးနောက် ဘုရားဖူးပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ရှေးဟောင်းယဉ်ကျေးမှု မြောက်ဦးရောက် အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူခြင်းနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း**

(ပြန်/ဆက်)

# ရေရှည်အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ရေလုပ်ငန်းကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံးတို့က စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်

နေပြည်တော် နိုဝင်ဘာ ၁၇

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များ၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ဗစ်တိုးရီးဟိုတယ်ခန်းမဌ ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးသိန်းလင်း၊ ဦးမောင်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ တည်ဆဲဥပဒေများနှင့်အညီဖြစ်စေရေး ထိန်းကျောင်းကြပ်မတ်လျက်ရှိသကဲ့သို့ ရေရှည်တွင် GAqP အပါအဝင် ခေတ်မီနည်းပညာအသုံးပြု ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရန် လိုအပ်ကြောင်း၊ စီးပွားရေးတိုးတက်ရန်၊ လူမှုရေးဖွံ့ဖြိုးရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရန်ဟူသည့် ဒေါက်တိုင်သုံးခုဖြင့် ငါး၊ ပုစွန်ကဏ္ဍ ဖွံ့ဖြိုးလာရေးကို ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ငါးဖမ်းရာသီသတ်မှတ်ခြင်း၊ အချို့ဒေသများတွင် ဇုန်များ သတ်မှတ်ထိန်းသိမ်းခြင်း၊ သဘာဝငါးမျိုးပွားခြင်းကို ခေတ်မီနည်းစနစ်များအသုံးပြု၍ လေ့လာသုံးသပ်ခြင်းတို့ဖြင့် ရေရှည်အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ခြင်းလုပ်ငန်းများကို ရေလုပ်ငန်းကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံးတို့က စနစ်တကျလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် လုပ်ငန်းရှင်များ၏ လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများ၏ အခြေအနေနှင့် ရှေ့ဆက် ဆောင်ရွက်လိုသည့် လုပ်ငန်းရပ်များအပေါ် ဆွေးနွေးတင်ပြခြင်း၊ ခေတ်မီအအေးခန်းသိုလှောင်ရုံ၊ အဆင့်မြင့်လက်ကားဈေး ဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များ၊ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်နိုင်ရေး၊ ဌာနနှင့် ပုဂ္ဂလိကပူးပေါင်း၍ ငါးသုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အမြန်ဆုံး အသုံးပြုနိုင်မည့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းခရိုင် FOB စစ်ဆေးရေးစခန်းနှင့် ကမ်းနီးရေလုပ်ငန်းကုမ္ပဏီဖုန်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ငါးဖမ်းရေယာဉ်လုပ်သားများအတွက် လိုအပ်သော လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းများ စနစ်တကျဖွင့်လှစ်ပို့ချပေးရန် လိုအပ်ချက်များ၊ ငါးလုပ်ငန်းဆိုင်ရာ ဓာတ်ခွဲခန်းများခေတ်မီစေရေး ဆောင်ရွက်ရန်နှင့် အစားအစာ ဘေးကင်းလုံခြုံမှု ကုန်ပစ္စည်းအရည်အသွေး စံချိန်စံညွှန်းကြပ်မတ်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ကော့သောင်းခရိုင်အတွင်းရှိ ပင်လယ်ပြင်တွင် ငါးဖမ်းဆီးခြင်း၊ သယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်သည့် ငါးဖမ်း၊ ငါးသယ်ရေယာဉ်များ၏ ဝင်/ထွက်မှုများနှင့် ရေထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့မှုများကို သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သည့် အဖွဲ့က FOB စနစ်ဖြင့် ရုံးလုပ်ငန်းများအား တစ်ချိန်တည်း၊ တစ်နေရာတည်း တစ်ပြေးညီဖြစ်စေရန် One stop service ဖြစ်စေရန် ဥပဒေ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းခရိုင် သူငွေးကျွန်းပေါ်ရှိ ပုဂ္ဂလိက ပုစွန် မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုအားပေးကာ **(ဝဲပုံ)** စီးပွားဖြစ် ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းရှင်ကြီးများအနေဖြင့် ဒေသနေ လုပ်ကွက်ငယ် တောင်သူများကို နည်းပညာနှင့် လိုအပ်ချက်များ ပံ့ပိုးကူညီပေးပြီး ပုစွန် မွေးမြူရေးလုပ်ငန်းကို အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းတစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ၂၄ ဦး၊ စုစုပေါင်း ၉၁ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ငါးဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီး ဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

**သီးသန့်ထားရှိ**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







## ကိုဗစ်အလွန်ကာလတွင် စာကြည့်တိုက်ဝန်ဆောင်မှုများ စွမ်းရည်ပြည့်ဝရေးအတွက် ဆွေးနွေး

**ဘားအံ နိုဝင်ဘာ ၁၇**

National Library of Philippines ကကြီးမှူးကျင်းပသည့် libraries beyond covid 19 status, Challenges and Prospects ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပလျက်ရှိရာမြန်မာနိုင်ငံမှကိုယ်စားလှယ်နှစ်ဦးတက်ရောက်ဆွေးနွေးလျက်ရှိ သည်။ **(အပေါ်ပုံ)**

ကိုဗစ်အလွန် ကာလတွင် စာကြည့်တိုက် ဝန်ဆောင်မှုများ စွမ်းရည်ပြည့်ဝရေးအတွက် ရည်ရွယ်ကျင်းပသည့် ဆွေးနွေးပွဲဖြစ်ပြီး new normal ပုံစံဖြင့် စာကြည့်တိုက်များ ပြန်လည်ရှင်သန်လည်ပတ်နိုင်ရေးအတွက် အဓိကထား ဆွေးနွေးလျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှကိုယ်စားလှယ်များ စုစုပေါင်း ၆၅ ဦး တက်ရောက် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ကိုယ်စားပြုတက်ရောက်ဆွေးနွေးနေကြသည့် ကိုယ်စားလှယ်နှစ်ဦးမှာ အမျိုးသားစာကြည့်တိုက်မှ ညွှန်ကြားရေးမှူး ဒေါက်တာ ကေသီအေးနှင့် ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုနွယ်ငွေးဝင်းတို့ဖြစ်ကြပြီး အမျိုးသား စာကြည့်တိုက်နှင့် ပြည်သူ့စာကြည့်တိုက်များအကြောင်းကို အဓိကထား ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အမျိုးသားနေ့နှင့် သမိုင်းသင်ခန်းစာ

ဒေါက်တာခင်မောင်ညွန့်

ရွှေတိဂုံကုန်းတော်သို့ ဘုရားဖူးရောက်လျှင် စနေထောင့် ညောင်ပင်ကြီးရှေ့၌ ပုံဆန်းဆန်း ကျောက်တိုင်သစ် တစ်ခုကို တွေ့ရမည်။ ကျောက်တိုင်ပေါ်ရှိ မြန်မာစာတန်းကို ဖတ်လျှင် အောက်ပါအတိုင်း တွေ့ရမည်။

ဤနေရာကား မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့က ရန်ကုန်ကောလိပ် ကျောင်းသားကြီး ၁၁ ဦးတို့ တွေ့ဆုံ၍ ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာအဓိဋ္ဌာန်ပြုသော နေရာပေတည်း။ ကျောင်းသားကြီး ၁၁ ဦး၏ အမည်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁)ဘခင်၊(၂)ဘိုးကွန်း၊(၃)ဘဦး၊(၄) အောင်ဒင်၊ (၅) ထွန်းဝင်း၊ (၆) ဖေသိန်း၊ (၇) ဘရှင်(သံတွဲ)၊ (၈) ဘရှင်(ထားဝယ်)၊ (၉) ကေညီပိတ်၊ (၁၀) လှတင်၊ (၁၁) မောင်ဇေ။

### အထူးဂရုပြုလေ့လာထားသင့်

ကျောက်တိုင်၏ အခြားသုံးမျက်နှာတွင် အင်္ဂလိပ်၊ ပြင်သစ်နှင့် ဆလာဘို( ရုရှားနှင့် ရောင်းရင်းစကား) ဘာသာနှင့် အထက်ပါစာသားကို တိုက်ရိုက်ဘာသာပြန် ရေးထိုးထားသည်။ ယင်းကျောက်တိုင်ကို အမှုမဲ့အမှတ်မဲ့ ဖြစ်နေကြပေလိမ့်မည်။ သို့သော် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကား အမျိုးသားနေ့ကျောင်းပိတ်ရက် ဖြစ်ကြောင်း ကျောင်းသားတိုင်း သိကြ၏။ အမျိုးသားနေ့အကြောင်း ဟောပြောပွဲများ နားထောင်ဖူးကြပေမည်။ ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၂၃ ရက်နေ့က အမျိုးသားနေ့ ရွှေရတုသဘင် ကျင်းပခဲ့သည်။ ယခုနှစ်တွင် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်သည် နိုဝင်ဘာ ၁၉ ရက်နေ့တွင် ကျသည်။ အမျိုးသားနေ့သမိုင်းကို ကျောင်းသားတိုင်း သိအပ်၏။ အထူးသဖြင့် သမိုင်းဘာသာသင်ယူသော ကျောင်းသားများသည် သင်ခန်းစာအဖြစ် အထူးဂရုပြုလေ့လာထားသင့်သည်။

အမျိုးသားနေ့သမိုင်းနှင့် ပတ်သက်ပြီး မှားတတ်သော အချက်များကို ရှင်းလိုသည်။ လွတ်လပ်ရေးနေ့ ဇန်နဝါရီ ၄ ရက်၊ ပြည်ထောင်စုနေ့ ဖေဖော်ဝါရီ ၁၂ ရက်၊ တောင်သူလယ်သမားနေ့ မတ်လ ၂ ရက်၊ တော်လှန်ရေးနေ့ (ဝါ) တပ်မတော်နေ့ မတ်လ ၂၇ ရက်၊ အလုပ်သမားနေ့(ဝါ) မေဒေးနေ့ မေလ ၁ ရက်၊ အာဇာနည်နေ့ ဇူလိုင် ၁၉ ရက် စသည်ဖြင့် သမိုင်းဝင်နေ့ကြီးများကို အင်္ဂလိပ်လ၏ ရက်များနှင့်သတ်မှတ်ထားခဲ့သော်လည်း အမျိုးသားနေ့ကို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ဟု မြန်မာလ၏ ရက်နှင့် သတ်မှတ်ထားပါသည်။ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်က တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်သည် ဒီဇင်ဘာ ၅ ရက်နေ့တွင်ကျသည်။ ထို့ကြောင့် ဒီဇင်ဘာ ၅ ရက်ကို အမျိုးသားနေ့ဟု မမှတ်သင့်။ နှစ်စဉ် မြန်မာလ၊ ရက်နှင့် အင်္ဂလိပ်လ၊ ရက် ထပ်တူမကျပါ။ မြန်မာလို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကိုသာ မှတ်ထားရပါမည်။

### အမျိုးသားလွတ်မြောက်ရေး

တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်ကို အမျိုးသားနေ့ဟု ထင်ယောင်ထင်မှား ဖြစ်တတ်ကြသည်။ ၈ ရက်နေ့ကား ဖော်ပြပါကျောင်းသားကြီး ၁၁ ဦးတို့က သပိတ်မှောက်ရန် စည်းဝေးဆုံးဖြတ်သောနေ့ဖြစ်၏။ သပိတ်မှောက်သော နေ့ကား တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ဖြစ်သဖြင့် ယင်းနေ့ကိုသာ အမျိုးသားနေ့ဟု တွင်သည်။ ထို့ပြင် အမျိုးသားနေ့ ဖြစ်လာစေသော ၁၉၂၀ သပိတ်ကို ၁၉၃၆ ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်နှင့် ၁၉၃၈ ကျောင်းသားအရေးတော်ပုံနှင့် ရောထွေးတတ်ကြသေးသည်။ ၁၉၂၀ သပိတ်ကို "၁၉၂၀ ပြည့်နှစ် ရန်ကုန်ယူနီဗာစီတီဘွိုင်းကော့" ဟုတွင်သည်။ ထိုခေတ်က သပိတ်မှောက်ခြင်းကို အင်္ဂလိပ်စကား "ဘွိုင်းကော့" ဟု မြန်မာတို့ နှုတ်ကျိုးအောင် ခေါ်ခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သောအားဖြင့် မှောက်သောသပိတ်ဖြစ်သည်။ ၁၉၃၆ ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ကား အိုးဝေမဂ္ဂဇင်းစာတည်း ကိုအောင်ဆန်းအား 'လွတ်နေသော ငရဲခွေးကြီး' (Hell Hound At Large) ခေါ် အင်္ဂလိပ်စာတိုတစ်ပုဒ် ကိစ္စကြောင့် ကျောင်းအုပ်ကြီး မစ္စတာစလေ့ခ်က ကျောင်းထုတ်ပစ်သော လတ်တလောအကြောင်းမှစ၍ မှောက်သောသပိတ်ဖြစ်သည်။ ၁၉၃၈ ကျောင်းသားအရေးတော်ပုံမှာ ထိုနှစ်ရေနံမြေသပိတ်ကြီးနောက်ဆက်တွဲဖြစ်သည်။ ရေနံမြေသပိတ်တပ်သားများ ရန်ကုန်အထိ ချီတက်လာပြီး အတွင်းဝန်ရုံးများကို ဝိုင်း၍ဆန္ဒပြသည်။ တက္ကသိုလ်ကျောင်းသားများကလည်း ထောက်ခံသည့်အနေဖြင့် သပိတ်မှောက်ဆန္ဒပြရာ မြင်းစီးပုလိပ်က ရိုက်နှက်နှိမ်နင်းသည်။ ကျောင်းသားကိုအောင်ကျော်သည် အရိုက်ခံရသော ဒဏ်ရာနှင့် ကွယ်လွန်ရာ ကျောင်းသားအရေးတော်ပုံကြီး ပေါက်ကွဲလေသည်။ ယင်းသပိတ်မှောက်မှုသုံးရပ်စလုံး အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတွင် သူ့နေရာနှင့်သူ အရေးပါကြပါသည်။ ရောထွေးမသွားရန် ဂရုပြုလေ့လာရပါမည်။

### ပိတ်မှောက်ရန်ဆုံးဖြတ်ကြ

ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဘာ့ကြောင့် ကန့်ကွက်သနည်း၊ ၁၉၂၀ မတိုင်မီက ရန်ကုန်ကောလိပ်သည် ကလကတ္တားတက္ကသိုလ်လက်အောက်တွင်ရှိသည်။ ထိုတက္ကသိုလ်က စာမေးပွဲစစ်ပြီးဘွဲ့ပေးသည်။ ၁၉၂၀ တွင် မြန်မာနိုင်ငံ၌ သီးခြားတက္ကသိုလ်တည်ထောင်ရန် ၁၉၂၀ ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေတစ်ရပ် ပြဋ္ဌာန်း၏။ တက္ကသိုလ်အုပ်ချုပ်ရေးစည်းမျဉ်းကို အိန္ဒိယပါရဂူတစ်ဦးကရေးဆွဲပေးပြီး တက္ကသိုလ်အား အစိုးရစီမံမှုအောက်မှာထားသည်။ အောက်စဖို့၊ ကင်းဘရစ်ချ် တက္ကသိုလ်များကဲ့သို့ ရန်ကုန်တက္ကသိုလ်ကိုလည်း ကျောင်းအိပ်ကျောင်းစားနေရသော တက္ကသိုလ်လုပ်ထား၏။ ထို့ကြောင့် ကျောင်းသားတစ်ယောက်အဖို့ ကျောင်းနေစရိတ်မှာ တစ်နှစ်လျှင်ငွေ ၄၀၀ ခန့်ကုန်ကျ၏။ ထိုခေတ်က ရဲသားတစ်ဦး၏ လခမှာ ၇ ကျပ်/၈ ပဲ ရှိသည်။ ချမ်းသာသူများနှင့် လခကြီးစားသားသမီးများသာ တက္ကသိုလ်ပညာသင်နိုင်သည်။ လူလတ်တန်းစားများပင် ထိုမျှစရိတ် ကိုမတတ်နိုင်ချေ။ မြန်မာနိုင်ငံတွင် တည်ထောင်ထားသော တက္ကသိုလ်သည် မြန်မာတို့အတွက် မဟုတ်တော့ဘဲ ကြေးရတက်နှင့် နိုင်ငံခြားသား သားသမီးများအတွက် ဖြစ်လေပြီ။ ဤတွင် ယင်းအက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ရွှေတိဂုံဘုရားရင်ပြင် စနေထောင့်၊ ယခုကျောက်တိုင်ထူထားသောနေရာ၌ ဖော်ပြပါ ကျောင်းသားကြီး ၁၁ ဦးတို့က သပိတ်မှောက်ရန် ဆုံးဖြတ်ကြသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင်သပိတ်မှောက်ရာ တစ်ပြည်လုံးက ထောက်ခံကြ၏။

ရွှေတိဂုံ ပစ္စယံရှိဇရပ်များကို သပိတ်စခန်းပြုကြပြီး နိုင်ငံရေးတရားဟောကြ၏။ အင်္ဂလိပ်အစိုးရပေးသော ပညာရေးမှာ စာရေး၊ စာချီ၊ မြို့အုပ်၊ မြို့ပိုင် အစရှိသော လခစား အမှုထမ်းဖြစ်ရေးအတွက်လောက်သာ ဖြစ်သည်။ ကိုလိုနီအုပ်ချုပ်ရေး ယန္တရားကြီးလည်နေနိုင်ရန် လခစားအမှုထမ်းပေးနေကြရသော အင်္ဂလိပ်အစေအပါး ကျွန်များသာ ဖြစ်စေသည်။ ထို့ကြောင့် 'ကျွန်ပညာရေး' သည် အမျိုးသားလွတ်မြောက်ရေးအတွက် အကျိုးမပြု။ ကျွန်စိတ်သာ မွေးပေးသည်၊ အမျိုးသားလွတ်မြောက်ရေးအတွက် 'အမျိုးသားပညာရေး'သာ တည်ထောင်ရမည်ဟု ဆုံးဖြတ်ကြပြီး 'အမျိုးသားပညာရေးကောင်စီ'ဖွဲ့ကြ၏။ မြန်မာစာ၊ မြန်မာသမိုင်း၊ မြန်မာယဉ်ကျေးမှု၊ မြန်မာတိုင်းရင်းသားတို့၏ အရေးကို ဦးတည်သော ပညာရေးစနစ်ကို ချမှတ်သည်။ အမျိုးသားကောလိပ်ဖွင့်ပြီး သပိတ်မှောက်ကျောင်းသားများအား စာသင်ပေးသည်။ ထိုကောလိပ်မှ ဘွဲ့ရသူများအား ဘီအေ(နတ်) B.A. (Nat.) ဘွဲ့တပ်စေသည်။ နတ်(Nat.) မှာ National College နေရှင်နယ်ကောလိပ်ကို အတိုကောက်ရေးထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ မြို့ကြီးပြကြီးများတွင်လည်း အမျိုးသားအထက်တန်းကျောင်း များ (နေရှင်နယ်ဟိုက်စကူးကျောင်း) ဖွင့်ကာ အမျိုးသားပညာရေးကို သင်ကြားပေးသည်။

၁၉၂၀ သပိတ်ကား ကိုလိုနီပညာရေးကို ပထမဆုံးထိုးနှက်ပြီး အမျိုးသားပညာရေးနှင့် အစားထိုးရန် ကြိုးပမ်းသော လုပ်ရပ်ဖြစ်၏။ ကိုလိုနီပညာရေး ပြိုကွဲမသွားသေးသော်လည်း အမျိုးသားပညာရေးစနစ် သန္ဓေတည်လာပြီး ကိုလိုနီပညာရေးနှင့် စင်ပြိုင်လာသည်။ နောက်ပိုင်းတွင် အင်္ဂလိပ်အစိုးရက အမျိုးသားကျောင်းအချို့ကို အထောက်အပံ့ပေးရသည်အထိ အမျိုးသားပညာရေးကို အသိအမှတ်ပြုလာရသည်။ အမျိုးသားကျောင်းများသည် နောင်တစ်ခေတ်တွင် အမျိုးသားခေါင်းဆောင်ဖြစ်လာမည့် လူငယ်များမွေးထုတ်ပေးရာဌာနများဖြစ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားကျောင်းထွက်ပင် ဖြစ်၏။ ဤသပိတ်ကြီးကား ပညာရေးနယ်ပယ်အတွင်းမှ ပြုလုပ်သော နယ်ချဲ့ဆန့်ကျင်ရေး လုပ်ရပ်တစ်ခုလည်းဖြစ်ရာ မြန်မာ့အမျိုးသားလွတ်မြောက်ရေးသမိုင်းတွင် အရေးပါသော ကွင်းဆက်တစ်ခုဖြစ်ကြောင်း သတိချပ်ရာသည်။

၁၉၇၃၊ နိုဝင်ဘာလထုတ် (ကျောင်းသားလူငယ်ဖတ်ရှုဖွယ် အတွဲ-၂၊ အမှတ်-၂) တွင် ပါရှိသည့် ဆောင်းပါးကို ပြန်လည်ဖော်ပြပါသည်။



ရွှေတိဂုံဘုရား စနေထောင့်ရှိ ရန်ကုန်ကောလိပ် ကျောင်းသားကြီး ၁၁ ဦး၏ အမည် ရေးထိုးထားသည့် ကမ္ဗည်း ကျောက်တိုင်။

ဓာတ်ပုံ-တင်စိုး

❑ ၁၉၂၀ သပိတ်ကား ကိုလိုနီပညာရေးကို ပထမဆုံး ထိုးနှက်ပြီး အမျိုးသားပညာရေးနှင့် အစားထိုးရန် ကြိုးပမ်းသော လုပ်ရပ်ဖြစ်၏။ ကိုလိုနီပညာရေး ပြိုကွဲမသွားသေးသော်လည်း အမျိုးသားပညာရေး စနစ် သန္ဓေတည်လာပြီး ကိုလိုနီပညာရေးနှင့် စင်ပြိုင် လာသည်။ နောက်ပိုင်းတွင် အင်္ဂလိပ်အစိုးရက အမျိုးသားကျောင်းအချို့ကို အထောက်အပံ့ပေးရ သည်အထိ အမျိုးသားပညာရေးကို အသိအမှတ် ပြုလာရ

# တန်ဆောင်တိုင်ရုံးပိတ်ရက်တွင် ပုဂံ-ညောင်ဦး ဈေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများပြား

**ညောင်ဦး နိုဝင်ဘာ ၁၇**

တန်ဆောင်တိုင်ရုံးပိတ်ရက် နိုဝင်ဘာ ၁၇ ရက်တွင် ပုဂံ-ညောင်ဦး ဈေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများ များပြားလျက်ရှိကြောင်း ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ရုံးအဖွဲ့မှူး ဦးသန်းမြင့်ဦးထံမှ သိရသည်။

ရွှေစည်းခုံဘုရားကြီး၌ ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရန် သာမန်ရက်များတွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဖွင့်လှစ်သော်လည်း အခါကြီးရက်ကြီးများတွင် နံနက် ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ပေးကြောင်း ဦးသန်းမြင့်ဦးက ပြောသည်။

ဂေါပကဥက္ကဋ္ဌထားရှိသည့် ဘုရားများဖြစ်သော တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ရွှေစည်းခုံဘုရား၊ ကျောက်ဂူဥမင်ဘုရား၊ ငှက်ပစ်တောင်ဘုရား၊ ဗူးဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ မနုဟာဘုရား၊ ရွှေဆံတော်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ဓမ္မရာဇကဘုရား၊ ပြဿဒ်ကြီးဘုရား၊ မဟာဗောဓိဘုရား၊ ထီးလိုမင်းလိုဘုရား၊ မြစေတီဘုရားများတွင် ဘုရားဖူးများ စည်ကားနေသကဲ့သို့ အခြားသမိုင်းဝင်ဘုရားများတွင်လည်း မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများက ဈေးဟောင်းနံရံဆေးရေးပန်းချီများ၊ ကနုတ်ပန်း၊ ကျောက်ဆစ်ပန်း၊ အင်္ဂတေများကို စိတ်ဝင်တစား လေ့လာမှုများပြားခဲ့ကြောင်း၊ တန်ဆောင်တိုင်ရုံးပိတ်ရက်အတွင်း ပုဂံ-ညောင်ဦး ဈေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူ ၆၀၀၀ ကျော်ရှိခဲ့ကြောင်း ထီးလိုမင်းလိုဘုရားဂေါပကဥက္ကဋ္ဌ ဦးတင်လှဦးထံမှ သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



ရွှေစည်းခုံစေတီတော်ကြီးသို့ နိုဝင်ဘာ ၁၇ ရက်က ဘုရားဖူးလာရောက်ကြသော ပြည်သူများ။

# အိမ်မဲမြို့ ရှင်ပင်ချမ်းသာကြီးဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ



**အိမ်မဲ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝပိုင်း (၁) လမ်းတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် အိမ်မဲမြို့တည် သမိုင်းဝင် ရှင်ပင်ချမ်းသာကြီးဘုရားတွင် တန်ဆောင်မုန်းလဆန်း (၁၄) ရက် ညနေ ၅ နာရီမှ စတင်ပြီး ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အိမ်မဲမြို့တည် သမိုင်းဝင် ရှင်ပင်ချမ်းသာကြီး ဘုရားရုပ်ရှင်တော်မြတ်ကြီး၌ နိုဝင်ဘာ ၁၈ ရက်တွင် လုံးတော်ပြည့်ရွှေသင်္ကန်း၊ ငွေပဒေသာပင်ဆက်ကပ်လှူဒါန်းပွဲနှင့် နိုဝင်ဘာ ၁၉ ရက်တွင် ဩဝါဒခံယူ ရေစက်ချတရားပွဲ ပြုလုပ်မည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

# မဟာမုနိဘုရားကြီးတွင် (၃၂)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဩှောင်ရပ်ကွက် အကွက်(၅၀၈)ရှိ မဟာမုနိဘုရားကြီးတွင် (၃၂)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို မဟာမုနိဘုရားကြီးရင်ပြင်တော် မိုးကောင်းဓမ္မာရုံအရှေ့၌ ယနေ့ နံနက် ၈ နာရီက စတင်ဖွင့်လှစ်သည်။

အဆိုပါဖွင့်ပွဲကို မဟာမုနိဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးစိုးလင်း၊ အတွင်းရေးမှူး ဦးကျော်ကျော်ဦးနှင့်အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုဝင်ဘာ ၁၈ ရက် နံနက် ၅ နာရီခွဲတွင် မသိုးမြတ်သင်္ကန်းတော်အား မဟာမုနိဘုရားကြီးသို့ ကပ်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**



# မုဒုံမြို့၌ (၉၅) ကြိမ်မြောက် သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်တွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်

**မုဒုံ နိုဝင်ဘာ ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ်၏ ကျက်သရေဆောင် သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်ကြီး၌ ရှေးအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်ကာ စေတီတော်အတွင်း ရက်လုပ်လျက်ရှိသည်။

အဆိုပါ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို မုဒုံမြို့နေ ဦးကျော်ကျော်ဦး၊ ဇနီးဒေါ်ကြည်ကြည်ဌေး(ရှုပါမွန်) မိသားစုက ရက်ကန်းစင်လေးစင် ခန့်မှန်းကုန်ကျငွေကျပ် ၂၅ သိန်းဖြင့် ရက်လုပ်လှူဒါန်းပူဇော်သွားမည်ဖြစ်ရာ ယနေ့ ည ၆ နာရီတွင် မြို့နယ်အတွင်းရှိ ကန်ကြီးစေတီတော်၊ ကန်ကလေးစေတီတော်၊ သဘောင်ဦးစေတီတော်၊ ကျိုက်ကမော့လေးတောင်ပေါ်စေတီတော်၊ ဆုတောင်းပြည့်စေတီတော်နှင့် ဘင်လှိုင်စေတီတော်ဘုရားတို့တွင် ဆက်ကပ်ပူဇော်သွားမည်ဖြစ်သည်။

မုဒုံမြို့နယ်တွင် ရှေးနှစ်များ၌ မသိုးသင်္ကန်းရက်ကန်းရက်ပြိုင်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ည ဆုတောင်းပြည့်စေတီတော်ရှေ့တွင် ရပ်ကွက်/ကျေးရွာများ ကိုယ်စားပြု အသင်းအဖွဲ့တို့က စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သော်လည်း ကိုဗစ်- ၁၉ ရောဂါ အခြေအနေများကြောင့် ကျင်းပခြင်း မရှိသည်မှာ နှစ်နှစ်တိုင်တိုင် ရှိပြီးဖြစ်ကြောင်း၊ ယခုနှစ်တွင် ဩဝါဒါစရိယဆရာတော်ကြီးများ၏ မိန့်ကြားမှု၊ အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ဘုရားဖူးညှော်သည်တော် ပြည်သူများအနေဖြင့်လည်း ကန်ကြီးစေတီတော် ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် နေ့စဉ် နံနက် ၅ နာရီမှ ည ၈ နာရီအထိ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းအချက်များနှင့်အညီ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ကန်ကြီးစေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



# ညောင်ရွှေမြို့နယ်၌ ကာလတိုဘတ်ဂျက်အတွင်း လမ်း၊ တံတားများ ဆောင်ရွက်မည်

**ညောင်ရွှေ နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ) ခြောက်လတာ ကာလတို ဘတ်ဂျက်အတွင်း ငွေလုံးငွေရင်းလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတားနှင့် အခြားလုပ်ငန်း ၁၇ ခုအား ခန့်မှန်းကုန်ကျငွေကျပ် ၁၁၇ ဒသမ ၄၅၅ သန်း အကုန်ကျခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# မြန်မာ့အနာဂတ်ပုံရိပ် ဘာလဲ၊ ဘယ်လဲ

ပြည်ထောင်စုသား တစ်ဦး

**မြန်မာကို ကမ္ဘာကသိသည်မှာ ဗုဒ္ဓဝါဒသာလျှင်ဖြစ်ပါတယ်။ ရှေးခါ ဘိုးဘွား ဆရာသမားများကလည်း မြန်မာလူမျိုးတို့ရဲ့တိုးတက်မှုဟူသမျှသည် ဗုဒ္ဓဝါဒ၌သာအခြေခံ၍ ဗုဒ္ဓသာသနာတော်ဆုတ်ယုတ်ခြင်းသည် မြန်မာလူမျိုးတို့၏ကျရှုံးခြင်းပင်ဖြစ်တယ်လို့ ခံယူခဲ့ကြပါတယ်။**

မြန်မာပြည် အင်္ဂလိပ်လက်အောက် ကျွန်သပေါက်ဘဝ ကျရောက်ခဲ့စဉ် ကာလမှာတောင် မြန်မာတွေဟာ အမျိုးဘာသာသာသနာ မပျောက်ကွယ်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ကြတယ်။ ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်နေ့မှာ ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးကို ဖွဲ့စည်းတည်ထောင်ပြီး ကျားကန်ခဲ့တယ်။

လွန်ခဲ့တဲ့ နှစ် ၁၀၀ ကျော်က ဝိုင်အမ်ဘီအေလို မြန်မာအသင်းအပင်းများ မပေါ်ပေါက်သေးချိန်မှာ မြန်မာတိုင်းသူပြည်သားတွေဟာ နယ်ချဲ့ဗြိတိသျှတို့ရဲ့ အုပ်ချုပ်ခံ သက်သက်ပဲဖြစ်တယ်။ ဝိုင်အမ်ဘီအေပေါ်လာပြီးမှ "အမျိုး ဘာသာ သာသနာ ပညာ" ဆိုတဲ့ ခေါင်းစဉ်တွေအောက်မှာ တိုင်းရေးပြည်မှုတွေကို ဆွေးနွေးတိုင်ပင်ကြပြီး အစိုးရက ဆောင်ရွက်ပေးရမယ့် ကိစ္စရပ်များကို တင်ပြတောင်းဆိုခဲ့ကြတယ်။

### မြန်မာ့နိုင်ငံရေးအစ ဝိုင်အမ်ဘီအေက

သို့ကြောင့်မို့ ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးကို "မြန်မာ့နိုင်ငံရေးအစ ဝိုင်အမ်ဘီအေက"၊ "လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေက"၊ "ဝံသာနု ရက္ခိတ အစ ဝိုင်အမ်ဘီအေက" လို့စသဖြင့် ပြောစမှတ်ပြုခဲ့ရတယ်။

ဝိုင်အမ်ဘီအေဟာ မူလက အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်နိုင်ဖို့ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပေမယ့် ၁၉၁၇ ခုနှစ်ကစပြီး နိုင်ငံရေးမှာ အတိအလင်း ပါဝင်လာခဲ့ပါတယ်။ ပါဝင်ပုံကတော့ ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ ရင်ပြင်အပါအဝင် သာသနာ့မြေနဲ့ ဘုရားပုထိုးစေတီရင်ပြင်တွေမှာ နိုင်ငံခြားသားတွေ၊ မျက်နှာဖြူတွေက ဖိနပ်မချွတ်ဘဲ ဖိနပ်စီးသွားလာခဲ့ကြရာကနေ ဖိနပ်ပြဿနာ ပေါ်ပေါက်လာမှုကြောင့် ဖြစ်ပါတယ်။

### အင်္ဂလိပ်တွေ အလျှော့ပေးခဲ့ရ

စေတီတော်ရင်ပြင်နဲ့ သာသနာ့မြေတွေမှာ ဖိနပ်မစီးဖို့ ဝိုင်အမ်ဘီအေအသင်းကြီးနဲ့အတူ မြန်မာ့နိုင်ငံရေး ခေါင်းဆောင်တွေက မြန်မာလူမျိုးများကိုယ်စား ဗြိတိသျှအစိုးရကို ကန့်ကွက်အရေးဆိုခဲ့ကြလို့ နောက်ဆုံးမှာ အင်္ဂလိပ်တွေ အလျှော့ပေးခဲ့ရတယ်။ အဲဒီဖိနပ်ပြဿနာဟာ မြန်မာတို့ရဲ့မျိုးချစ်စိတ်ကို အကြီးအကျယ် သွေးထိုးပေးခဲ့တဲ့ ကိစ္စတစ်ရပ် ဖြစ်ခဲ့ပါတယ်။

မြန်မာတွေဟာ အမျိုးဘာသာ သာသနာအတွက်ဆို နေမဝင်အင်ပါယာ

- **ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးကို "မြန်မာ့နိုင်ငံရေးအစ ဝိုင်အမ်ဘီအေက"၊ "လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေက"၊ "ဝံသာနုရက္ခိတအစ ဝိုင်အမ်ဘီအေက"လို့ စသဖြင့် ပြောစမှတ်ပြုခဲ့ရတယ်။**
- **ဝိုင်အမ်ဘီအေဟာ မူလက အမျိုးဘာသာသာသနာအတွက် ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်နိုင်ဖို့ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပေမယ့် ၁၉၁၇ ခုနှစ်ကစပြီး နိုင်ငံရေးမှာ အတိအလင်း ပါဝင်လာခဲ့ပါတယ်။ ပါဝင်ပုံကတော့ ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ ရင်ပြင်အပါအဝင် သာသနာ့မြေနဲ့ ဘုရားပုထိုးစေတီရင်ပြင်တွေမှာ နိုင်ငံခြားသားတွေ၊ မျက်နှာဖြူတွေက ဖိနပ်မချွတ်ဘဲ ဖိနပ်စီးသွားလာခဲ့ကြရာကနေ ဖိနပ်ပြဿနာ ပေါ်ပေါက်လာမှုကြောင့် ဖြစ်ပါတယ်။**

အင်အားတောင့်တင်း အားကောင်းချိန်မှာတောင် တွန်းလှန်အန်တုခဲ့တဲ့ သမိုင်းအစဉ်အလာရှိခဲ့တယ်။ လွတ်လပ်ရေးရပြီးချိန်မှာတော့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆဋ္ဌသံဂါယနာတင်အခမ်းအနား ကျင်းပနိုင်ခဲ့သည်အထိ ကြိုးပမ်းအားထုတ်ခဲ့ကြတယ်။

မြန်မာနိုင်ငံသား တွေဟာလည်း ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ် အလွန်တရာလေးစား ကြည်ညိုခဲ့ကြတယ်။ ရိုသေကိုင်းရှိုင်းကြတယ်။ ရဟန်း သံဃာတော်တွေကို လမ်းမှာဖူးတွေ့ရရင် အရိပ်ကိုတောင် မနင်းဝံ့ဘဲ ဦးချ ဒူးချရှိခိုးလေ့ရှိကြတယ်။

### သင်္ကန်းတော်ကိုပင် အလေးအမြတ်ပြု

မြတ်စွာဘုရားရှင်ရဲ့ သားတပည့်ဖြစ်တဲ့ ရဟန်း သံဃာတော် အရှင်သူမြတ်များကို မဆိုထားဘဲ၊ ရဟန်းတော်တို့ ဆင်မြန်းထားတဲ့ သင်္ကန်းတော်ကိုပင် အလေးအမြတ်ပြုကြတယ်။ ရိုသေကိုင်းရှိုင်းကြတယ်။ ဒီလို အလေးအမြတ်ပြုနိုင်ဖို့ရာလည်း ဗုဒ္ဓစာပေ ကျမ်းဂန်ဇာတကတွေက ဖွင့်ဆိုလမ်းညွှန်ပြခဲ့ပါတယ်။

ဝိနည်းအရာမှာ တေဒဂ်ရတဲ့ အရှင်ဥပါလိ ရဟန္တာမထေရ်မြတ်ကြီးက "လမ်းခရီး၌ စွန့်ပစ်အပ်သော မစင်လိမ်းကျံနေသော သင်္ကန်းစကိုပင် လက်အုပ်ချီမိုး ရှိခိုးအပ်၏"လို့ ဥဒါန်းကျူးရင့်ခဲ့ပါတယ်။

အရှင်ဥပါလိရဲ့ ဥဒါန်းစကားကို အဋ္ဌကထာ ဆရာမြတ်တို့က "အကြောင်းမူ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ဖြစ်ကုန်သော မြတ်စွာဘုရားရှင်တို့သည် ဤသင်္ကန်းဖြင့် ကိလေသာ ခပ်သိမ်းကင်းငြိမ်းစင်ကြယ်ကြသောကြောင့်ဖြစ်သည်"ဟု ဖွင့်ဆို ရေးသားခဲ့ပါတယ်။

### သင်္ကန်းဝတ်ထားသော သူကို မသတ်ထိုက်

တိသနိပါတ် ဆဒ္ဒန္တဇာတ်မှာဆိုရင် အလောင်းတော် ဆဒ္ဒန်ဆင်မင်းဟာ မိမိအား မြားဖြင့်ပစ်သော သောနုတ္တရ မုဆိုးကိုမြင်တော့ ဒေါသထွက်ပြီး သတ်ရန်အကြံနဲ့ ဥမင်အတွင်းမှာ ပုန်းအောင်းနေတဲ့ မုဆိုးကို နှာမောင်းနဲ့ ဆွဲထုတ်ယူတယ်။ သို့ပေမယ့် ဆဒ္ဒန်ဆင်မင်းဟာ မုဆိုးကိုယ်ပေါ်က သူတော်ကောင်း အယောင်ဆောင်ပြီး ရုံထားတဲ့သင်္ကန်းကို မြင်လိုက်တော့ "ဩော် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၏ အလံ တံခွန်သဖွယ်ဖြစ်သော သင်္ကန်းပါတကား၊ သင်္ကန်းဝတ်ထားသော သူကို ပညာရှိသူတော်ကောင်းတို့သည် မသတ်ထိုက်၊ မညှဉ်းဆဲထိုက်၊ အမြတ်တနိုးသာ ကိုးကွယ်ပူဇော်ထိုက်သည်"ဆိုတဲ့ သတိသမ္ပဇဉ်ဖြစ်ပြီး မုဆိုးကို အသက်ဘေးက လွှတ်ပေးခဲ့တယ်။

မြန်မာတွေရဲ့ နှလုံးသားထဲမှာ ဗုဒ္ဓသာသနာကို နှလုံးသားထဲ စွဲမြဲနေဖို့ ရဟန်း သံဃာတော် အရှင်သူမြတ်တို့နဲ့ မိဘဘိုးဘွား ဆရာသမားတို့က သို့ကလို သားစဉ်မြေးဆက် လက်ဆင့်ကမ်း အမွေပေးခဲ့ကြတယ်။

မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသက မြန်မာပြည်လွတ်လပ်ရေးရခဲ့ရင် နိုင်ငံရဲ့လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့ကို ဘာသာရေးနှင့်မြင့်တင်မည်ဟူသော ရည်ရွယ်ချက်နဲ့ အနာဂတ်သာသနာရေးစာအုပ်ကို ရေးသားပြုစုခဲ့ပါတယ်။

### သာသနာကြောင့် နိုင်ငံမြင့်ရမည်

ဆရာတော်ကြီးရဲ့ အကြီးမားဆုံး အဓိကမျှော်မှန်းချက်က "သာသနာကြောင့် နိုင်ငံမြင့်ရမည်၊ ထိပ်တန်းသို့ ရောက်ရမည်၊ ကမ္ဘာကအရေးထား လေးစားရမည်"ဆိုတဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ သာသနာတော်ရဲ့ အရှိန်အဝါမှေးမှိန်ခြင်းဟာ နိုင်ငံတော် မှေးမှိန်ခြင်းရဲ့ အကြောင်းမူလဖြစ်တယ်လို့လည်း စွဲမြဲစွာ ယုံကြည်တော်မူခဲ့ပါတယ်။

ဆရာတော်ကြီးဟာ အနော်ရထာမင်းလက်ထက်က မြန်မာတိုင်းရင်းသားတို့ ယဉ်ကျေးမှုနဲ့တကွ ဘာသာ သာသနာတိုးတက်စည်ပင်ပြီး နိုင်ငံခြားတိုင်းတစ်ပါးက မြန်မာကို လေးစားရသောသမိုင်းကြောင်းကို အမြဲနှလုံးသွင်း၍ "သာသနာကြောင့် မြန်မာမြင့်ရမည်" ဟူသော ဝါဒကို လက်ဆုပ်လက်ကိုင်ပြုထားခြင်းဖြစ်ပါတယ်။

ထို့ကြောင့် လွတ်လပ်ရေးရရင် စစ်ပြီးကာလ တိုင်းပြည်ထူထောင်ရေးအတွက် ဘုန်းကြီးများက နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆရာတော်ကြီးက အနာဂတ်သာသနာရေးစာအုပ်မှာ နိုင်ငံတော်ပြုပြင်ရေးများကို အကျယ်တဝင့် ရေးသားထားခြင်း ဖြစ်ပါတယ်။

ဆရာတော်ကြီးဟာ လူတွေက ဘုန်းကြီးများကို အထင်သေး အမြင်သေးခြင်းကို လုံးဝမခံချင်သူ ဖြစ်ပါတယ်။ သို့ကြောင့် ဆရာတော်ကြီးဟာ သာသနာတော်ဂုဏ်ရှိအောင် ဘုန်းကြီးတွေကို အထင်သေးမခံရအောင် ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ အပြောနှင့် အလုပ်၊ အလုပ်နှင့် အပြော အလွန်ညီညွတ်တော်မူပါပေတယ်။

### သာသနာတော်ကြီး ကွယ်ပသွားမှာကို အလွန်စိုးရိမ်

ဆရာတော်ကြီးဟာ ဗုဒ္ဓရှင်တော်လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီး ကြိုးပမ်းအားထုတ် တည်ထောင်ထားတော်မူခဲ့တဲ့ သာသနာတော်ကြီး ကွယ်ပသွားမှာကိုလည်း အလွန်စိုးရိမ်လေ့ရှိပါတယ်။

"ဘုရားဟော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကတ်စာပေများကွယ်လျှင် သာသနာကွယ်ပြီ။ သာသနာကွယ်လျှင် ယဉ်ကျေးမှုမရှိတော့ပြီ။ ယဉ်ကျေးမှုမရှိလျှင် လူမျိုးလည်းကွယ်၊ နိုင်ငံလည်း အောက်တန်းကျပြီ"ဟု မိန့်ကြားတော်မူခဲ့ပါတယ်။

"မနက်က ဘုန်းကြီးစဉ်းစားတယ်။ ငါ ဘယ်တော့သေမလဲလို့။ ဒီသာသနာတော်ကြီးတစ်သက်တော့ ငါအသက်ရှင်အုံးမယ်။ ငါ့လက်ထက်မှာတော့ ဒီသာသနာတော်ကြီး မကွယ်စေရဘူး။ ငါသေမှ ဒီသာသနာတော်ကြီး ကွယ်ချင်ကွယ်ပါစေ" ဟု ဩဝါဒတစ်ခုမှာ ထုတ်ဖော်မိန့်ကြားခဲ့သလို ဆရာတော်ကြီးဟာ ဘာသာ သာသနာအတွက် ဘဝတစ်သက်တာလုံး ကြီးမားသော လုံ့လဥဿာဟဖြင့် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့တယ်။ ကျမ်းစာပေပေါင်းများစွာကို ရေးသားပြုစုခဲ့တဲ့အတွက် ဆရာတော်ကြီးကို နှစ်ဆယ်ရာစုရဲ့ အရှင်ဗုဒ္ဓဃောသဟုပင် တင်စားအသိအမှတ်ပြုခဲ့ကြရပါတယ်။

ရှေးခါ ဘိုးဘွား ဆရာသမားတို့ရဲ့ ထိုသို့ လက်ဆင့်ကမ်း ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့်လည်း ဘာသာသာသနာ ယဉ်ကျေးမှုနဲ့ ပတ်သက်လာရင် ကမ္ဘာက မြန်မာကို အရေးထား လေးစားခဲ့ကြပါတယ်။

### ရဟန်းသံဃာတော်များကို သတ်ဖြတ်လာတဲ့အထိ ကျူးလွန်လာ

ပစ္စက္ခကာလမှာတော့ မာရ်နတ်ရဲ့ ပူးကပ်မှုကြောင့် မိုက်မဲသူအချို့ဟာ ရဟန်း သံဃာတော်တွေကို သင်္ကန်းဝတ်ရယ်လို့ ရင့်ရင့်သီးသီး သုံးနှုန်းခေါ်ဝေါ်ကြ၊ ရန့်ရင်းကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာလာကြပါတယ်။ လတ်တလောမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ရဟန်းသံဃာတော်များကို အကြောင်းအမျိုးမျိုးပြ စွပ်စွဲပြီး ရက်ရက်စက်စက် သတ်ဖြတ်လာတဲ့အထိ ကျူးလွန်လာခဲ့ကြပါတယ်။

*စာမျက်နှာ ၉ သို့*

❖ **ပစ္စက္ခကာလမှာတော့ မာရ်နတ်ရဲ့ပူးကပ်မှုကြောင့် မိုက်မဲသူအချို့ဟာ ရဟန်း သံဃာတော်တွေကို သက်နိဝတ်ရယ်လို့ ရင့်ရင့်သီးသီးသုံးနှုန်းခေါ်ဝေါ်ကြ၊ ရုန့်ရင်းကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာလာကြပါတယ်။ လတ်တလောမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ရဟန်းသံဃာတော်များကို အကြောင်းအမျိုးမျိုးပြ စွပ်စွဲပြီး ရက်ရက်စက်စက် သတ်ဖြတ်လာတဲ့အထိ ကျူးလွန်လာခဲ့ကြပါတယ်။**

❖ **တစ်ချိန်က အမျိုးဘာသာ သာသနာယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ကျော်ကြားထင်ရှားခဲ့တဲ့ မြန်မာပုံရိပ်ဟာ ယခုကမ္ဘာ့အလယ်မှာ အရှက်ရဖွယ် အရုပ်ဆိုးအကျည်းတန်ဖြစ်လာခဲ့ရပြီ။ မေးခွန်းထုတ်စရာဖြစ်လာခဲ့ရပါပြီ။**

❖ **"ထိုင်းလူမျိုးတွေက မေးနေကြတယ်။ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာနိုင်ငံရော ဟုတ်ရဲ့လား"ဆိုတဲ့ ဆိုရှယ်မီဒီယာပေါ်က မေးခွန်းတစ်ခုကတော့ ခေတ်အဆက်ဆက် အမျိုးဘာသာသာသနာအပေါ် အလွန်အလေးထား လေးစားခဲ့ကြတဲ့ မြန်မာတို့အဖို့ ယူကျုံးမရဖြစ်စရာပါ။**

*စာမျက်နှာ ၈ မှ*

တစ်ချိန်က အမျိုးဘာသာ သာသနာယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ကျော်ကြားထင်ရှားခဲ့တဲ့ မြန်မာပုံရိပ်ဟာ ယခုကမ္ဘာ့အလယ်မှာ အရှက်ရဖွယ် အရုပ်ဆိုး အကျည်းတန်ဖြစ်လာခဲ့ရပြီ။ မေးခွန်းထုတ်စရာဖြစ်လာခဲ့ရပါပြီ။

"ထိုင်းလူမျိုးတွေက မေးနေကြတယ်။ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာနိုင်ငံရော ဟုတ်ရဲ့လား"ဆိုတဲ့ ဆိုရှယ်မီဒီယာပေါ်က မေးခွန်းတစ်ခုကတော့ ခေတ်အဆက်ဆက် အမျိုးဘာသာ သာသနာအပေါ် အလွန်အလေးထား လေးစားခဲ့ကြတဲ့ မြန်မာတို့အဖို့ ယူကျုံးမရ ဖြစ်စရာပါ။

### လူသတ်မှုကို ဩဘာပေးခြင်းက မြန်မာနိုင်ငံရဲ့ image မဖြစ်သင့်

"ဒီရိုးသားဖြူစင်တဲ့ မျက်နှာပြုံးတွေ ဘယ်တော့ပြန်တွေ့နိုင်မလဲ။ ပြန်တွေ့နိုင်တော့မလား။ ဒီမျက်နှာပြုံးတွေကပဲ မြန်မာနိုင်ငံရဲ့ ကောင်းမွန်တဲ့ image ဖြစ်သင့်ပါတယ်။ အချင်းချင်း ရန်ငြိုးထားခြင်း၊ တိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လူသတ်ပြီး ဆိုရှယ်မီဒီယာမှာ ရက်ရက်စက်စက်တင်ခြင်း၊ comment မှာ လူတွေက လူသတ်မှုကို ဩဘာပေးခြင်း၊ ချီးကျူးခြင်းတို့က မြန်မာနိုင်ငံရဲ့ image မဖြစ်သင့်ဘူး။

စက်တင်ဘာ ၄ ရက်နေ့မှာ ကျွန်မတို့ မြန်မာဘာသာဌာနက ကျောင်းသား အသစ်တွေ လက်ခံတော့မယ်။ အရင်တုန်းက ကျောင်းသားအသစ်တွေ မြန်မာဘာသာ စတင်သင်ယူတဲ့အခါမှာ သူတို့ မြန်မာနိုင်ငံနဲ့ မြန်မာဘာသာကို စိတ်ဝင်စားလာအောင် ကျွန်မတို့က မြန်မာလူမျိုးရဲ့ စိတ်သဘောကောင်းမှု၊ ရိုးသားဖြူစင်မှု၊ ယဉ်ကျေးသိမ်မွေ့မှုတွေကို ပထမဦးဆုံး မိတ်ဆက်ပေးလေ့ရှိပါတယ်။

အခုလိုအခြေအနေမှာ ဘယ်လို မိတ်ဆက်ပေးမလဲ ..."

ပေကျင်း နိုင်ငံခြားဘာသာ တက္ကသိုလ်၊ မြန်မာဘာသာဌာနက စိန့်တိုင်းသူ ဆရာမတစ်ဦးရဲ့ လူမှုကွန်ရက် စာမျက်နှာထက်က မေးခွန်းတစ်ခုကလည်း မြန်မာ့အနာဂတ်ပုံရိပ်အတွက် အချက်ပေးခေါင်းလောင်းသံတစ်ခုရယ်လို့ ဆိုရမှာပါ။

သို့ဖြစ်ရကား ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာအများစုရဲ့မျက်နှာကို အိုးမည်းသုတ်ပြီး မြန်မာ့ပုံရိပ်ကို ကမ္ဘာ့အလယ်မှာ ဖျက်ဆီးနေကြတဲ့ အကြမ်းဖက်လူမိုက်အုပ်စုရဲ့ အဖျက်လုပ်ရပ်ကို မြန်မာမှန်သမျှ တားဆီးကာကွယ်ကြဖို့ သတိပေးနှိုးဆော်လိုက်ရကြောင်းပါဗျာ။ ။

---

❖ *ကျောဖုံးမှ*

NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ အပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ၊ ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများ သာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ရပြီး အကြမ်းဖက်အဖွဲ့များ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ဆရာ ဆရာမနှင့် ပညာရေးဝန်ထမ်း စုစုပေါင်း ၁၂ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်။

**၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် ပညာရေးဝန်ထမ်းများ သေဆုံးခဲ့သည့် ဦးစီးဇယား**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဆရာ/ဆရာမ | ဝန်ထမ်း | သေဆုံး စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်း | ၃ | ၂ | ၂ | ၄ | |
| ၂ | ပဲခူး | ၁ | | ၁ | ၁ | |
| ၃ | မကွေး | ၁ | ၁ | ၁ | ၂ | |
| ၄ | မန္တလေး | ၄ | ၃ | ၁ | ၄ | |
| ၅ | ရန်ကုန် | ၁ | ၁ | | ၁ | |
| စုစုပေါင်း | | ၁၀ | ၇ | ၅ | ၁၂ | |



ဂန့်ဂေါမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများမှ ပညာရေးဝန်ထမ်းများစီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးကို တားဆီး၍ သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်ပြီး ယာဉ်အား မီးရှို့ဖျက်ဆီးခဲ့သဖြင့် ငါးဦး သေဆုံးကာ တစ်ဦး ဒဏ်ရာရရှိမှု။

**၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် ပညာရေးဝန်ထမ်းများ ဒဏ်ရာရရှိခဲ့သည့် ဦးစီးဇယား**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဆရာ/ဆရာမ | ဝန်ထမ်း | ဒဏ်ရာရ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | | ၁ | ၁ | |
| ၂ | စစ်ကိုင်း | ၃ | ၃ | | ၃ | |
| ၃ | ပဲခူး | ၁ | ၅ | | ၅ | |
| ၄ | မကွေး | ၁ | ၁ | | ၁ | |
| ၅ | မန္တလေး | ၄ | ၃ | ၁ | ၄ | |
| ၆ | ဧရာဝတီ | ၁ | ၁ | | ၁ | |
| စုစုပေါင်း | | ၁၁ | ၁၃ | ၂ | ၁၅ | |



ငါန်းဇွန်မြို့နယ် ဆင်ဖြူကုန်းကျေးရွာနေ ကျောင်းဆရာ တစ်ဦးနှင့် ဆရာမ တစ်ဦးတို့ကို အကြမ်းဖက်သူများက သေနတ်ဖြင့်ပစ်ခတ်သဖြင့် သေဆုံး၊ ဒဏ်ရာရရှိမှု။

အကြမ်းဖက်အဖွဲ့များသည် အနန္တောအနန္တ ဂိုဏ်းဝင် ဆရာ ဆရာမများအား ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများအား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာလုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် လျှို့ဝှက်စွာဆက်သွယ် သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

# အပျိုစင်ဒေသထွက်ကုန်နှင့် ပြည်ပဈေးကွက်အလားအလာအပိုင်း(၁)

ယုဇနစံ(DOT)

ကမ္ဘာပေါ်တွင် ဆန်ကိုအဓိကထား၍ စားသုံးသော နိုင်ငံများနှင့် ဂျုံကိုဦးစားပေး၍ စားသုံးသော နိုင်ငံများဟူ၍ အသီးသီးကွဲပြားမှုများ ရှိနေသော်လည်း ကော်ဖီသောက်သုံးခြင်းကိုမူ နိုင်ငံ၊ လူမျိုး၊ အသက်အရွယ်၊ အချိန်နေရာမရွေး ကွဲပြားမှုမရှိ စွဲလမ်းစွာ သောက်သုံးကြသည်။

ကော်ဖီသောက်သုံးမှုစစ်တမ်း ဖော်ပြချက်များအရ လူတစ်ဦးသည် တစ်နေ့လျှင်ပျမ်းမျှကော်ဖီ နှစ်ခွက်မှ လေးခွက်အထိဖြစ်ပြီး အသက် ၁၅ နှစ်မှ အသက် ၅၀ အရွယ်ကြားရှိသူများ အများဆုံး သောက်သုံးကြသည်။ ၁၅ ရာစုတွင် တောင်အာရှဒေသ၌ ကော်ဖီစိုက်ပျိုး သောက်သုံးမှုစတင်ခဲ့ကြရာမှ ၂၀၂၀ ပြည့်နှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ၃ ဒသမ ၅ ရာခိုင်နှုန်း နှစ်စဉ်တိုးမြှင့်စိုက်ပျိုးမည်ဖြစ်ကြောင်း ကော်ဖီပညာရှင်များက ခန့်မှန်းနေကြသည်။ မြန်မာနိုင်ငံတွင် ကော်ဖီအား ၁၉ ရာစုနှောင်းပိုင်းမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယခုအခါ ကော်ဖီစိုက်ဧကပေါင်း လေးသောင်းခန့်ရှိကာ အာရေးဗီးယားကော်ဖီအမျိုးအစားကို ၇၀ ရာခိုင်နှုန်း စိုက်ပျိုးထားပြီး ရိုဘတ်တာ ၃၀ ရာခိုင်နှုန်း စိုက်ပျိုးထားသည်။

**ကိုဗစ်ကာလ ကော်ဖီသောက်သုံးမှု**

တစ်ကမ္ဘာလုံးတွင် ကိုဗစ်–၁၉ ရောဂါ ပျံ့နှံ့မှုကြောင့် လူသားတို့၏ နေထိုင်စားသောက် ပြုမူမှုများ လျင်မြန်စွာ ပြောင်းလဲလာသည်။ အဆိုပါရောဂါ၏ ရိုက်ခတ်မှုဒဏ်ကြောင့် အများစုသော စီးပွားရေးလုပ်ငန်းများ သိသာစွာထိခိုက်နစ်နာခဲ့ကြရသည်။ ကော်ဖီဆိုင်ဖွင့်လှစ်သည့် လုပ်ငန်းများနှင့် ကော်ဖီစိုက်ခင်းများသို့ သွားရောက်လည်ပတ်သည့် ခရီးသွားလုပ်ငန်းများ ထိခိုက်ခဲ့ကြရသည်။

သို့ရာတွင် လူသားတို့၏ ကော်ဖီသောက်သုံးမှု ပမာဏမှာမူ သိသိသာသာ တိုးတက်လာခဲ့သည်။ Work from home ၊ Stay at home ၊ Social distancing ကာလအဖြစ် သက်ဆိုင်ရာအစိုးရများက သတ်မှတ်ခဲ့သဖြင့် ကော်ဖီကိုစွဲလမ်း နှစ်ခြိုက်သူများအား ၎င်းတို့၏အိမ်တွင်ပင် လွယ်ကူစွာ စိတ်တိုင်းကျ အချိန်မရွေး သောက်သုံးနိုင်ခွင့် ဖန်တီးပေးလိုက်သကဲ့သို့ ဖြစ်သည်။

ကော်ဖီချစ်သူများသည် ကော်ဖီစေ့၊ ကော်ဖီမှုန့်၊ အသင့်ဖျော်ကော်ဖီစသည်တို့ကို ပိုမိုဝယ်ယူလာသောကြောင့် ၂၀၂၀ ပြည့်နှစ် တစ်နှစ်တည်းမှာပင် အမေရိကန်ပြည်ထောင်စုတွင် ၄ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်သွားခဲ့ပြီး ကော်ဖီဖျော်ရာတွင် သုံးစွဲကြသည့် ကော်ဖီစက်ကဲ့သို့သော ပစ္စည်းများရောင်းအားသည် ၁၁ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ တစ်ကမ္ဘာလုံးတွင် ကော်ဖီသောက်သုံးမှုသည် ၂၀၁၉–၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ – ၂၀၂၁ ခုနှစ်တွင် ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ကော်ဖီတင်ပို့မှုသည်လည်း ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ထိုသို့ကော်ဖီဈေးကွက် ဝယ်လိုအားသိသာစွာ မြင့်တက်လာခြင်းသည် ကော်ဖီအား တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေး ဦးတည်ဆောင်ရွက်နိုင်ပါက အကျိုးရလဒ်ကောင်းများရရှိမည့် မြန်မာနိုင်ငံ၏ ပို့ကုန်အမယ်တစ်ခု ဖြစ်နေကြောင်း ညွှန်းဆိုပြနေခြင်းဖြစ်သည်။

**အပျိုစင်ဒေသထွက်ကုန်**

၂၀၁၈ ခုနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ရှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့သည် အပျိုစင်မိန်းမငယ်တစ်ဦးကဲ့သို့ သဘာဝအလှတရားများ ပကတိအတိုင်းပြည့်စုံစွာ ကျန်ရှိနေသောကြောင့် ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများ မြှင့်တင်နိုင်ရေး အပျိုစင်ဒေသအဖြစ် သတ်မှတ်ပေးခဲ့သည်။ အဆိုပါဒေသတွင် ဘရာဇီးမျိုးရင်းဖြစ်သော အာရေးဗီးယား ကော်ဖီမျိုးကို စိုက်ပျိုးကြသည်။ ၎င်းဒေသထွက် ကော်ဖီအမျိုးအစားကို အရည်အသွေးမြင့်မားနေစေရန် သဘာဝတရားက ထောက်ပံ့ပေးလျက်ရှိသည့် သိသာထင်ရှားသော ဝိသေသလက္ခဏာများမှာ –



ရွာငံဒေသတွင် စိုက်ပျိုးထားသည့် ကော်ဖီပင်များ။

> **✳ ရှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့သည် အပျိုစင်မိန်းမငယ်တစ်ဦးကဲ့သို့ သဘာဝအလှတရားများ ပကတိအတိုင်း ပြည့်စုံစွာ ကျန်ရှိနေသောကြောင့် ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများ မြှင့်တင်နိုင်ရေး အပျိုစင်ဒေသအဖြစ် သတ်မှတ်ပေးခဲ့သည်။ အဆိုပါဒေသတွင် ဘရာဇီးမျိုးရင်းဖြစ်သော အာရေးဗီးယားကော်ဖီမျိုးကို စိုက်ပျိုးကြသည်။ ၎င်းဒေသထွက် ကော်ဖီအမျိုးအစားကို အရည်အသွေးမြင့်မားနေစေရန် သဘာဝတရားက ထောက်ပံ့ပေးလျက်ရှိ**

(က) ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၀၀၀ ကျော်မြင့်သော အမြဲစိမ်းတောများ ပေါက်ရောက်ရာတောင်တန်းများတွင် စိုက်ပျိုးခြင်း၊

(ခ) အပူအအေးမျှတစေရန် များစွာ အထောက်အကူပေးနေသည့် အီကွေတာနှင့် မိုင် ၁၀၀၀ အကွာတွင် တည်ရှိနေခြင်း၊

(ဂ) နှစ်စဉ်မိုးရေချိန် ၆၅ ဒီဂရီမှ ၇၂ ဒီဂရီ ကြားရှိခြင်း၊

(ဃ) အခြားဒေသ စိုက်ခင်းများကဲ့သို့ ကော်ဖီ စိုက်ပျိုးနိုင်ရန် တောရှင်း၍ စိုက်ပျိုးခြင်းမျိုး မဟုတ်ဘဲ အရိပ်ရနှစ်ရှည် အပင်ကြီးများဖြစ်သော ပိန္နဲ၊ ထောပတ် အစရှိသည့် နှစ်ရှည်အပင်ကြီးများ အောက်တွင် စိုက်ပျိုးခြင်းကြောင့် ၎င်းတို့၏ မြေဆီသြဇာများကို ကော်ဖီပင်များ စုပ်ယူရရှိခြင်း၊ နေရောင်ခြည် တိုက်ရိုက်ထိတွေ့မှုနည်းခြင်း၊

(င) အိမ်တိုင်းတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးသည့် အစဉ်အလာရှိကြခြင်း၊

(စ) ယခင်က ကော်ဖီအား သောက်သုံးရန် ရည်ရွယ်၍ ကော်ဖီပင်စိုက်ပျိုးကြခြင်း မဟုတ်ခြင်း၊

(ဆ) ၎င်းတို့၏ မူလရည်ရွယ်ချက်သည် ကော်ဖီပင်ပွင့်ဖတ်များ၏ ဝတ်ရည်စုတ်ယူထားသောပျားများမှ သဘာဝပျားရည် ထုတ်လုပ်ရန်အတွက်သာဖြစ်ခြင်း၊

(ဇ) ကော်ဖီစေ့အခွံကိုမူ ချောကလက်အရသာ ရှိသောကြောင့် သရေစာအဖြစ် စားသုံးလေ့ရှိခြင်း၊

(ဈ) အပင်အတွက်လိုအပ်သော မြေသြဇာအဖြစ် နွားချေးနှင့် သစ်ဆွေးကိုသာကျွေးခြင်း၊

(ည) ခူးဆွတ်ရာတွင် မိရိုးဖလာနည်းအတိုင်း လက်ဖြင့်သာ ခူးဆွတ်ကြခြင်း ၊

(ဋ) ခူးဆွတ်ထားသည့် ကော်ဖီစေ့အမှည့်များ၏အရသာမှာ ကောင်းမွန်နေပြီဖြစ်သောကြောင့် ပျားပိတုန်းတို့ ဝဲပျံလေ့ရှိခြင်း၊

ထိုကဲ့သို့ ထူးခြားပြည့်စုံသော ဂုဏ်အရည်အသွေးများရှိနေကြောင်း USAID မှ ကော်ဖီပညာရှင်များက စတင်သိရှိခဲ့ပြီး ကော်ဖီစေ့အရွယ်အစား၊ အနံ့၊ အရသာ၊ အရောင် စသည်တို့ကို အရည်အသွေး အကဲဖြတ် ပြုလုပ်ပေးခဲ့ကြရာ အမှတ် ၈၀ မှ ၈၆ မှတ်အထိ ရရှိခဲ့သောကြောင့် အထူးတန်းဝင်ကော်ဖီအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

**ထပ်မံ၍အများနှင့်မတူ သီးခြားအခြေအနေများမှာ–**

(က) ကော်ဖီစတင်စိုက်ပျိုး ထုတ်လုပ်သည့် အဆင့်တိုင်း အမျိုးသမီးအများစုက ဦးဆောင်နေကြခြင်း၊

(ခ) တစ်အိမ်ထောင်၏ အလုပ်ကိုစုပေါင်းဆောင်ရွက်ကြသည့် ဓလေ့ထွန်းကားဆဲဖြစ်ရာ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရာတွင်လည်း ဝိုင်းဝန်းဆောင်ရွက်ကြခြင်း၊

(ဂ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အမြတ်ဝေစုထဲမှ ၁၀ ရာခိုင်နှုန်းအား ပြန်လည်လှူဒါန်းသည့်အစဉ်အလာ ရှိကြခြင်းတို့ဖြစ်သည်။

သို့ဖြစ်၍ ရွာငံဒေသထွက် ကော်ဖီသည် ထူးခြားသည့် ဂုဏ်အရည်အသွေးများနှင့် ပြည့်စုံနေကြောင်း အသိအမှတ်ပြုခံထားရသဖြင့် အခြားနိုင်ငံများမှ ထွက်ရှိသော အထူးတန်းဝင် ကော်ဖီများကဲ့သို့ ဈေးကောင်းရရှိနိုင်ရေး ကြိုးပမ်းရာတွင် စားသုံးသူများအသည်းစွဲ ဒေသဆိုင်ရာအညွှန်းဟုခေါ်သည့် အသိအမှတ်ပြုလက်မှတ် ရရှိရေးသည်လည်း အရေးပါသောကဏ္ဍမှ ပါဝင်နေသည်။

**ဒေသဆိုင်ရာအညွှန်း( Geographical Indications – GI )**

ကုန်စည်တစ်ခုအား နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရရှိရန် ဆောင်ရွက်ကြရသည့် အဆင့်တိုင်းသည် အရေးကြီးသည့် အဆင့်များဖြစ်သည်။ ထုတ်လုပ်သည့် ကုန်စည်အပေါ် အာမခံချက်ပေးသော ဒေသဆိုင်ရာအညွှန်း (Geographical Indications – GI) အား အနောက်နိုင်ငံများသည် အစွမ်းရှိလက်နက်သဖွယ် စတင်အသုံးချခဲ့ကြသော်လည်း ယခုအခါ ကမ္ဘာအနှံ့ တွင်ကျယ်လာခဲ့ပြီးဖြစ်သည်။ မူရင်းဒေသမှထွက်ရှိသည့် ကုန်စည်၏ ထူးခြားသော ဂုဏ်အရည်အသွေး ကျော်ဇောမှု(သို့) အခြားထူးခြားနေသော ကိုယ်ပိုင်ဝိသေသ ရှိနေပါက ဒေသဆိုင်ရာအညွှန်းကို ပိုင်ဆိုင်ခွင့်ရှိသည်။ ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများ၌သာ ကိုယ်ပိုင်ဓလေ့၊ ကိုယ်ပိုင်ဟန်နှင့် နှစ်လိုဖွယ် အရည်အသွေးကောင်း၊ ပတ်ဝန်းကျင်ကောင်း ပိုင်ဆိုင်ဆဲဖြစ်သောကြောင့် ဒေသဆိုင်ရာအညွှန်းကို ပိုင်ဆိုင်ခွင့်ပိုမိုရရှိကြသည်။

International Coffee Organization အဖွဲ့တွင် ဒေသဆိုင်ရာအညွှန်း ပိုင်ဆိုင်ထားကြသည့် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့သည် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားပြီး အများဆုံးကော်ဖီတင်ပို့သည့် ၁၀ နိုင်ငံစာရင်းတွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့သည် ဒုတိယနှင့်ပဉ္စမနေရာတို့တွင် အသီးသီးရပ်တည်နေပါသည်။ အီးယူ ၂၇ နိုင်ငံ၊ အမေရိကန်၊ ဂျပန်နှင့် ရုရှားတို့သည်လည်း အဆိုပါအဖွဲ့သို့ ဝင်ရောက်ထားပြီး ကမ္ဘာ့ကော်ဖီ တင်သွင်းမှု၏ ၆၇ ရာခိုင်နှုန်းစာရင်းတွင် ထိပ်ဆုံးမှ ပါဝင်နေသည်။

ဒေသဆိုင်ရာအညွှန်းအား စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ကြသူများ၊ လက်မှုအနုပညာထုတ်လုပ်ကြသူများ(သို့) စက်မှုပစ္စည်းထုတ်လုပ်သူများ၊ သဘာဝထွက်ကုန်နှင့် သယံဇာတများဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်ကြသူများ စုဖွဲ့ထားသည့် အဖွဲ့အစည်းများမှဖြစ်စေ၊ အဆိုပါလုပ်ငန်းများအား အားပေးမြှင့်တင်ပေးလိုကြသည့် အစိုးရအဖွဲ့အစည်းများမှဖြစ်စေ သက်ဆိုင်ရာနိုင်ငံတွင် မှတ်ပုံတင်၍ ပိုင်ဆိုင်ခွင့် လျှောက်ထားကြသည်။

မှတ်ပုံတင်တစ်ခု၏ သက်တမ်းသည် ယေဘုယျအားဖြင့် ၁၀နှစ်သတ်မှတ် ပေးလေ့ရှိပြီး ထပ်မံသက်တမ်းတိုးလိုပါက ခြောက်လ ကြိုတင်တင်ပြကြရပြီး

*စာမျက်နှာ ၁၃ သို့*

## အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG နှင့် NLD ပါတီဝင် ဖြိုးဇေယျာသော် တို့၏ စေခိုင်းချက်အရ သန်လျင်တံတား၊ မြောက်ဥက္ကလာပတံတား၊ ထန်းတပင်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာမီးပွိုင့်ရှိ လုံခြုံရေးအဖွဲ့ဝင်များအား ပစ်ခတ်ခဲ့သူများနှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်သူများအား ဖမ်းဆီးရမိမှု အခြေပြဇယား



● *ကျော်ဖုံးမှ*

ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် အဓိကတရားခံဖြစ်သော **မြတ်သူ(ခ)နတ်ဆိုး** (၃၂)နှစ်နှင့်အတူ **ဇင်ကိုလင်း** (၂၅)နှစ်၊ **မြသန္တာခိုင်** (၂၅)နှစ်၊ **လဲ့ရည်ဖြိုး**(၂၉)နှစ်၊ **အောင်စည်သူခန့်** (၂၁) နှစ်တို့ ငါးဦးကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ **မြတ်သူ(ခ)နတ်ဆိုး**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၅ ရက်တွင် သဃ်ာန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ စံပယ်ဖြူကွန်ဒိုအား ဝင်ရောက်ရှာဖွေခဲ့ရာ **တေဇာနေလင်း** (၂၀)နှစ်၊ **မင်းသွေးမြင့်** (၂၄) နှစ်၊ **စည်သူဟိန်း** (၂၈)နှစ်၊ **အောင်မင်းခန့်** (၁၉)နှစ်၊ **မင်းမောင်** (၃၁)နှစ်၊ **ဝေယံဦး** (၂၆)နှစ်တို့ ခြောက်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **အောင်စည်သူခန့်**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၅ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၁)ရပ်ကွက်၊ ရန်အောင်လမ်းနေ **စိုးသူ**(၃၆) နှစ်ကိုလည်းကောင်း၊ တရားခံ **စိုးသူ**၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ **စက်မှုဇုန်**(၁)ရှိ Htun Brother သံထည်ဆောက်လုပ်ရေးဝင်းအတွင်းမှ M 4 သေနတ် သုံးလက်၊ M 4 ကျည်အိမ် လေးခု၊ M 16 ကျည်အိမ် နှစ်ခု၊ MK 12 သေနတ် တစ်လက်၊ MK 12 ကျည်အိမ် နှစ်ခု၊ ၅.၅၆ ကျည် ၁၄၄ တောင့်၊ ၁၂ ဗို့ကျည် အတောင့် ၄၀ တို့သိမ်းဆည်းရမိခဲ့ပြီး သဃ်ာန်းကျွန်းမြို့နယ်၊ Rock Star စားသောက်ဆိုင်၌ **ဇင်သူလင်း**(၂၅)နှစ်၊ **ဆွေလင်းအောင်** (၂၉)နှစ်နှင့် **အောင်ဖြိုးပိုင်** (၂၂) နှစ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

**တရားခံ ဆွေလင်းအောင်** ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၅ ရက်တွင် သဃ်ာန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သရက်တောလမ်း၊ စည်ပင်ရုံးအနီးတွင် **ဇင်မင်းထွန်း (ခ)ဒိုလေး**(၂၆)နှစ်၊ **စံသိန်း** (၃၁)နှစ်တို့ကို MK–12 တစ်လက်၊ MK–12 ကျည်အိမ် နှစ်ခု၊ AK–47 နှစ်လက်၊ AK–47 ကျည်အိမ် လေးခု၊ M–16 တစ်လက်၊ M–16 ကျည်အိမ် နှစ်ခု၊ ၁၂ ဗို့ကျည် ၁၅ တောင့်၊ ၅.၅၆ ကျည်အတောင့် ၃၀ ၊ ၇.၆၂ ကျည် ၁၁၀ တောင့်တို့ဖြင့် လည်းကောင်း၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၁၀)၊ (၃)လွှာမှ **ရန်မျိုး အောင်၊ ရန်နိုင်ထွန်း၊ အောင်နိုင်ဦး (ခ) အိုစမာ**တို့ သုံးဦးကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**တရားခံ အောင်ဖြိုးပိုင်**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၅ ရက်တွင် ဒဂုံ မြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ အမှတ်(၆၁/အေ)၊ (၆)လွှာရှိနေအိမ်မှ **ရဲရင့်အောင်** (၂၄)နှစ် နှင့်**ကျော်ဇောလင်း**(၂၀)နှစ်တို့ကိုလည်းကောင်း၊ **ဇင်မင်းထွန်း (ခ) ဒိုလေး**၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၃၃ ရပ်ကွက်၊ ဥသဖရားလမ်း၊ အမှတ်(မရှိ)နေအိမ်မှ **ကျော်သူအောင်**(၂၈)နှစ်၊ **အိကေခိုင်**(၂၈)နှစ် တို့ကို Sigsauer ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၉မမ ကျည် ၂၄ တောင့်၊ လက်လုပ်ဗုံး လေးလုံး၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **ဆွေလင်းအောင်**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၆ ရက်တွင် မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၃၂၄)မှ **အောင်မြင့်သိန်း** (၃၂)နှစ်၊ **ခိုင်ဇင်သော်**(၃၁)နှစ်တို့ကိုလည်းကောင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သစ်ရာပင်လမ်းတွင် Area–5 အဖွဲ့ခွဲခေါင်းဆောင် **အောင်ကိုဦး(ခ)ခေါင်းကြီး** (၂၈)နှစ်နှင့် **မျိုးမင်းခိုင်** (၂၇)နှစ်တို့ကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း၊ တိုက်အမှတ်(၈၀၃)၊ (၃)လွှာရှိ **ထိန်လင်း**(၃၂)နှစ်၊ **ဝင်းအေး** (၂၇) နှစ်၊ **ဟိန်းထက်အောင်**(၂၀)နှစ်၊ **စောဘယ်လ်ဇင်ထူး** (၂၁)နှစ်၊ **အောင်အောင်** (၂၄)နှစ်၊ **အောင်ပိုင်ဖြိုး**(၂၆) နှစ်တို့ကို Sigsauer ပစ္စတို တစ်လက် ၊ ကျည်အိမ် တစ်ခု၊ ကျည် ၂၃ တောင့်တို့နှင့် လည်းကောင်း၊ **ဝေယံဦး**၏ ထွက်ဆိုချက်အရ သဃ်ာန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ စံပယ်ဖြူကွန်ဒိုတွင် **မိုးစည်သူ(ခ) မောင်မိုး** (၂၄)နှစ်ကိုလည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **အောင်ကိုဦး(ခ)ခေါင်းကြီး**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၆ ရက်တွင် သဃ်ာန်းကျွန်းမြို့နယ်၊ (၃)ရန်ပြေရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၂၀) နေအိမ်အား ဝင်ရောက်ရှာဖွေရာ M–16 နှစ်လက်၊ M–16 ကျည်အိမ် လေးခု၊ ၅.၅၆ ကျည် ၉၉ တောင့်၊ AK–47 နှစ်လက်၊ AK–47 ကျည်အိမ် လေးခု၊၇.၆၂ ကျည် ၁၁၅ တောင့်၊ လက်လုပ်ဗုံး နှစ်လုံးတို့ကို လည်းကောင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေး ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၂၉၁၊ က/ခ)၊ (၄)လွှာ၊ နှင်းဆီအခန်းအား ဝင်ရောက်ရှာဖွေရာ **သီဟကျော်**(၂၃)နှစ်၊ **အောင်ကိုလင်း** (၂၄) နှစ်၊ **အောင်ကျော်ကျော်**(၂၁)နှစ်တို့ သုံးဦးအား M–16 နှစ်လက်၊ M–16 ကျည်အိမ် လေးခု၊ MK–12 နှစ်လက်၊ MK–12 ကျည်အိမ် လေးခု၊ Sigsauer ပစ္စတို တစ်လက် ၊ ကျည်အိမ် တစ်ခု၊ ၅.၅၆ ကျည်အတောင့် ၁၃၀၊ ၁၂ ဗို့ကျည် ၂၈ တောင့်၊ ၉မမ ကျည် ခုနစ်တောင့် တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံ **စေစ်**မှာ အမှတ် (၂၉၁၊ က/ခ)၊ (၅)လွှာမှ ခုန်ချထွက်ပြေးစဉ် သေဆုံးခဲ့သဖြင့် အသေဖမ်းဆီးရမိခဲ့သည်။

တရားခံ **ဆွေလင်းအောင်**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၆ ရက်တွင် ဗဟန်းမြို့နယ်၊ ဗိုလ်ချိုရပ်ကွက်၊ အင်ကြင်းမြိုင်အိမ်ရာအနီးတွင် **အံ့ကမ္ဘာ** (၂၁)နှစ်၊ **အားမာန်စိုး**(၃၂)နှစ်၊ **ခင်စပယ်အောင်**(၁၉) နှစ်၊ **သီတာအေးစုအောင်** (၂၃)နှစ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **အောင်ကိုဦး(ခ)ခေါင်းကြီး**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၇ ရက်တွင် မရမ်းကုန်းမြို့နယ်၊ အလယ်ဗဟိုလမ်း၊ Apolo Hotel အနီးတွင် ရဲလင်းဦး (ခ) နဘီး(၂၆)နှစ်နှင့် ကေသွယ်ဖြိုး(၂၃)နှစ်တို့ကို MK–12 နှစ်လက်၊ ကာဘိုင် တစ်လက်၊ လက်လုပ်ပစ္စတို သုံးလက်၊ ၅.၅၆ ကျည် ၂၅ တောင့်၊ ၁၂ ဗို့ကျည် အတောင့် ၅၀၊ ၉မမ ကျည် ၄၅ တောင့် ၊ လက်လုပ်မိုင်း လေးလုံး၊ ရီမုမိုင်း လေးလုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ဆွေလင်းအောင်၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၇ ရက်တွင် သဃ်ာန်းကျွန်းမြို့နယ်၊ ဆရာစံလမ်း ၊ City Mart အနီးတွင် အောင်ဘုန်းကျော်(ခ) O2 (၂၃)နှစ်အား M–79 ဗုံးပစ်လောင်ချာ တစ်လက်၊ M–79 ဗုံးသီး ငါးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဗဟန်းမြို့နယ်၊ ယူနိုက်တက်ကွန်ဒိုမှ M–16 ခြောက်လက်၊ M–16 ကျည်အိမ်၂၅ ခု၊ MK–12 တစ်လက်၊ MK–12 ကျည်အိမ် အတို/အရှည် ခြောက်ခု၊ AK–47 တစ်လက်၊ AK–47 ကျည်အိမ် နှစ်ခု၊ မှန်ပြောင်း တစ်ခု၊ ၄၀ မမ ဗုံးသီး ၁၂ လုံး၊ ၁၂ ဗို့ကျည် အတောင့် ၅၀၊ ရှေ့ထွက်မိုင်း လေးလုံး၊ ပစ္စတိုကျည်အိမ်နှစ်ခု၊ ၉ မမ ကျည် ၃၅ တောင့်၊ *စာမျက်နှာ ၁၂ သို့*



သဃ်ာန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သရက်တောလမ်း၊ စည်ပင်ရုံးအနီးမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

## အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG နှင့် NLD ပါတီဝင် ဖြိုးဇေယျာသော် တို့၏ စေခိုင်းချက်အရ သန်လျင်တံတား၊ မြောက်ဥက္ကလာပတံတား၊ ထန်းတပင်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာမီးပွိုင့်ရှိ လုံခြုံရေးအဖွဲ့ဝင်များအား ပစ်ခတ်ခဲ့သူများနှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်သူများအား ဖမ်းဆီးရမိမှု အခြေပြဇယား




*စာမျက်နှာ ၁၁ မှ*

၇.၆၂ ကျည် အတောင့် ၅၀၊ ၅.၅၆ ကျည် ၁၀၈၅ တောင့်၊ မီးခိုးဗုံးငါးလုံး၊ ရှို့ပစ် နှစ်လုံး၊ ယမ်းမှုန့် (မီးခိုရောင်) ခုနစ်ထုပ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ KNLA တပ်မဟာ(၆)တွင် ထွက်ပြေးတိမ်းရှောင်နေသော ဖမ်းဆီးရန်ကျန် သန်လျင်မြို့နယ် NLD ပါတီဝင် တရားခံ **ဝင်းကို(ခ)စံရှား**မှ Special Operation Force-SOF **အကြမ်းဖက်အဖွဲ့အား** Area-1 မှ Area-7 **အထိ ဖွဲ့စည်းထားပြီး ၎င်းအဖွဲ့ဝင်များအား NUG မှ တရားခံပြေး လွင်ကိုလတ်၏ စေခိုင်းချက်အရ** KNLA မှ **ရင်းမှူးအဆင့်ရှိ ရန်နိုင်သည်** KNLA **တပ်မဟာ (၆)နယ်မြေအတွင်း** လက်နက်ငယ်သင်ခန်းစာများ၊ ဒရုန်းများတွင် ဗုံးတပ်ဆင်၍ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေးသင်ခန်းစာများ သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းတက်ရောက်စဉ် **လွင်ကိုလတ်**နှင့် ရန်နိုင်တို့မှ လာရောက်ကြည့်ရှု၍ **သင်တန်းဆင်းပါက ရန်ကုန်မြို့အတွင်း နယ်မြေအလိုက် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ပါက ဖြိုးဇေယျာသော် (ခ) မောင်ကျော်နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် လိုအပ်သော ငွေကြေး၊ လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများအား ထောက်ပံ့ပေးမည်ဟု ပြောကြားခဲ့ကြောင်း** ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများမှ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်ခဲ့မှုအနေဖြင့်-

- Area-3 အဖွဲ့မှ တရားခံ **ထက်မိုးလွင်**သည် စက်တင်ဘာ ၅ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **လင်းရောင်** နှင့်အတူ သာကေတမြို့နယ်၊ (၅) ရပ်ကွက်ရှိ အမှတ်(၁) ရဲစခန်းအား လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- Area -1 အဖွဲ့မှ တရားခံ **ဇင်မင်းထွန်း**သည် စက်တင်ဘာ ၄ ရက်တွင် မြောက်ဥက္ကလာမြို့နယ်၊ ဗိုလ်မှူး ဗထူးတံတားထိပ်ရှိ လုံခြုံရေးအဖွဲ့ဝင်များအား တိုက်ခိုက်ရန်အတွက် **ဝင်းကို(ခ)စံရှား**ထံ တင်ပြခဲ့ရာ ၎င်းမှအသုံးပြုမည့် လက်နက်များအား ဆွေလင်းအောင်ထံမှ ရယူရန် ချိတ်ဆက်ပေးခဲ့ကြောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဇင်မင်းထွန်းသည် ဖမ်းဆီးရန်ကျန်တရားခံ **ဟိန်းမင်းစိုး**နှင့် **ရှိုင်းထက်အောင်**တို့ကို ပစ်ခတ်သူများအဖြစ် လည်းကောင်း၊ **စည်သူ**အား ယာဉ်မောင်းအဖြစ် လည်းကောင်း၊ ဖမ်းဆီးရန်ကျန် တရားခံ **အောင်ထွန်း၊ စစ်နိုင်၊ နို့ဗယ်ဦး၊ ဒေါင်းမာန်ချို၊ အောင်လေး၊ အိကေခိုင်၊ မြတ်သူ**တို့အား စောင့်ကြည့်သတင်းပို့ ပြုလုပ်သူများအဖြစ် လည်းကောင်း၊ **ဇင်မင်းထွန်း**သည် လက်နက်သိမ်းဆည်းရေးအဖြစ် လည်းကောင်း အဖွဲ့ဝင် ၁၁ ဦးဖြင့် မြောက်ဥက္ကာလာပမြို့နယ်၊ တံတားပေါ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- Area-3 အဖွဲ့မှ အောင်ပိုင်ဖြိုးသည် အောက်တိုဘာ ၂၁ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **လင်းရောင်၊ သော်က၊** စောဘယ်လ်ဇင်ထူးတို့နှင့်အတူ ဗားကရာလုံခြုံရေးအဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ရန် ဆွေးနွေးခဲ့ကြောင်း၊ အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် လုံခြုံရေးအဖွဲ့ဝင်များအား တိုက်ခိုက်နိုင်ရေး **ထက်မိုးလွင်၊ ဟိန်းထက်အောင်၊ စည်သူဟိန်း**တို့ဖြင့် စောင့်ကြည့်သတင်းပို့စေခဲ့ကြောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် **စောဘယ်လ်ဇင်ထူး**မှ ယာဉ်မောင်းအဖြစ် လည်းကောင်း၊ **သော်က**နှင့် **လင်းရောင်**တို့မှ ပစ်ခတ်သူများအဖြစ် လည်းကောင်း၊ **အောင်ပိုင်ဖြိုး**မှ မှတ်တမ်းတင်အဖြစ်လည်းကောင်း လိုက်ပါ၍ ဗားကရာလုံခြုံရေးအဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ပြီး ပန်းလှိုင်လမ်း၌ အသင့်စောင့်ဆိုင်းနေသော **ဆွေလင်းအောင်** မောင်းနှင်သည့် Honda Insight ယာဉ်ဖြင့် ပြောင်းလဲထွက်ခွာခဲ့ကာ ပစ်ခတ်မှုဖြစ်စဉ်တွင် အသုံးပြုခဲ့သော Honda Airwave ယာဉ်အား ပန်းလှိုင်လမ်း၌ ထားခဲ့ကြောင်း။
- Area-2 အဖွဲ့မှ တရားခံ **ဇင်သူလင်း**သည် အောက်တိုဘာ ၂၄ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **လင်းရောင်**နှင့်အတူ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက် ဓမ္မာရုံအနီးရှိ ကင်းတဲအား လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- Area-2 အဖွဲ့မှ တရားခံ **ဇင်ကိုလင်း**သည် နိုဝင်ဘာ ၆ ရက်တွင် **မြတ်သူ (ခ)နတ်ဆိုး**၏ စေခိုင်းမှုဖြင့် **အောင်စည်သူခန့်(ခ) သီဟ**နှင့်အတူ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ၂၅ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးအနီးတွင် လက်လုပ် ရီမုမိုင်း တစ်လုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း။


မရမ်းကုန်းမြို့နယ်၊ အလယ်ဗဟိုလမ်း၊ APPOLO Hotel အနီးသိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

- Area–5 အဖွဲ့မှ တရားခံ **အောင်ကိုဦး**အား နိုဝင်ဘာ ၁၁ ရက်တွင် အကြမ်းဖက်အဖွဲ့ ဖြစ်သည့် SOF အဖွဲ့ ခေါင်းဆောင် **ဝင်းကို(ခ) စံရှား** က သာကေတမြို့နယ်ဘက်ခြမ်းရှိ သန်လျင်တံတားလုံခြုံရေး အဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ရန် ညွှန်ကြားခဲ့ရာ နိုဝင်ဘာ ၁၅ ရက်တွင် **ဖက်တီး**မောင်းနှင်သော Probox အမျိုးအစားယာဉ်ပေါ်တွင် **ပီတာ၊ အောင်ကိုဦး၊ ဂျုတ်၊ ဘရာဇို**တို့သည် ပစ်ခတ်ရေးအဖြစ် လည်းကောင်း၊ **စစ်၊ မာရီယို၊ စံပယ်၊ အားမာန်စိုး**တို့သည် စောင့်ကြည့်သတင်းပို့ အဖြစ်လည်းကောင်း ဆောင်ရွက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်ရှိ Safe House နေအိမ်တွင် လက်နက်/ ခဲယမ်း များအား သိုဝှက်ကာ လူစုခွဲခဲ့ကြောင်း။
- Area –7 အဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်တွင် **ဝင်းကို(ခ)စံရှား**၏ စေခိုင်းမှုဖြင့် ထန်းတပင် မြို့နယ်၊ စစ်ဆေးရေးဂိတ်ရှိ လုံခြုံရေးတပ်ဖွဲ့ ဝင်များအား CRV အမျိုးအစား လိုင်စင်မဲ့ယာဉ် ပေါ်မှ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ ယာဉ်အား ဖမ်းဆီးရန်ကျန်တရားခံ **ခွန်သာ**က မောင်းနှင်၍ **ကျားပေါက်**နှင့် **ကြက်ပေါက်**တို့ က ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး **ရန်နိုင်ထွန်း**နှင့် **အောင်နိုင်ဦး**တို့က စောင့်ကြည့်သတင်းပို့အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ပစ်ခတ်တိုက်ခိုက် သည့် ဗီဒီယိုဖိုင်အား CRV ယာဉ်၏ ဒက်ရှ်ဘုတ် ပေါ်တွင် လက်ကိုင်ဖုန်းအား ကလစ်ညှပ်၍ ရိုက်ကူးခဲ့ကြောင်း၊ CRV ယာဉ်အား ရေမြောင်း အတွင်းသို့ ထိုးချခဲ့ပြီး လက်နက်/ ခဲယမ်းများ အား **ကြက်ပေါက်**ထံတွင် သိမ်းဆည်း ခဲ့ကြောင်း။

ဖြစ်စဉ်တွင် **တရားခံ ကျား ၄၀ ၊ မ ၇ ဦး၊ ပေါင်း ၄၇ ဦး**အား **လက်နက်ငယ် မျိုးစုံ ၃၄ လက်**၊ ကျည် အိမ်မျိုးစုံ ၇၀၊ ကျည်မျိုးစုံ ၂၁၀၅ တောင့်၊ ၄၀ မမဖုံးသီး ၁၇ လုံး၊ လက်လုပ်ဗုံး ၁၀ လုံး၊ ရီမုမိုင်း လေးလုံး၊ ရှေ့ထွက်မိုင်း လေးခု၊ မီးခိုးဗုံး ငါးလုံး၊ ရှို့ပစ် နှစ်လုံး၊ ယမ်းမှုန့် (မီးခိုးရောင်) ခုနစ်ထုပ်၊ မှန်ပြောင်း တစ်ခုနှင့် စိတ်ကြွရူးသွပ်ဆေးပြားများအား ဖမ်းဆီး ရမိခဲ့ပြီး တရားခံများအား ဆေးစစ်ချက်အရ မူးယစ် ဆေးဝါးများသုံးစွဲ၍ အကြမ်းဖက်လုပ်ငန်းများ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

### ငွေကြေးနှင့် လက်နက်ထောက်ပံ့

အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ **လွင်ကိုလတ်**သည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် KNLA တပ်မဟာ(၆)တွင် တိမ်းရှောင်လျက်ရှိသော **ဝင်းကို(ခ)စံရှား**နှင့် ချိတ်ဆက်ကာ ၎င်းအဖွဲ့များအား ငွေကြေးထောက်ပံ့ ခြင်း၊ လက်နက်/ ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

**လွင်ကိုလတ်**သည် ရန်ကုန်မြို့အတွင်း အကြမ်း ဖက်လုပ်ငန်းများအား ပြုလုပ်ရာတွင် Area အလိုက် တာဝန်ပေးထားသူများအနေဖြင့် **ဖြိုးဇေယျာသော်(ခ) မောင်ကျော်**နှင့် ချိတ်ဆက်၍ အများပြည်သူများ ထိခိုက်နစ်နာစေရန်နှင့် အထိတ်တလန့်ဖြစ်စေရေး အတွက် အများပြည်သူနှင့် သက်ဆိုင်သောနေရာများ တွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် Zoom Meeting မှတစ်ဆင့် ညွှန်ကြားမှုများ ပြုလုပ်ခဲ့ ကြောင်း ဖော်ထုတ်သိရှိရသည်။

SOF **အကြမ်းဖက်အဖွဲ့အနေဖြင့် ဖမ်းဆီးရန် ကျန်တရားခံ ဝင်းကို (ခ) စံရှား၏ စေခိုင်းမှုဖြင့် နိုဝင်ဘာလအတွင်း** မြောက်ဥက္ကလာပမြို့နယ်၊ ဂန္ဓမာပဟိုးဆေးကုန်တိုက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ နှင့် ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းမီးပွိုင့်ရှိ ယာဉ် ထိန်းရုံးတို့အား ယာဉ်နှစ်စီးဖြင့် ပစ်ခတ်နိုင်ရေး စီစဉ် လျက်ရှိကြောင်းနှင့် အဖွဲ့အလိုက် သက်ဆိုင်ရာ မြို့နယ်များတွင် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက် ခြင်းများအား နိုဝင်ဘာ ၁၅ ရက်မှစ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် စီစဉ်နေစဉ် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် လုံခြုံ ရေးတပ်ဖွဲ့ဝင်များက အချိန်မီဖော်ထုတ်ဖမ်းဆီးနိုင် ခဲ့ခြင်းဖြစ်သည်။

### တည်ငြိမ်မှုပျက်ပြားရန် ရည်ရွယ်

၎င်းတို့အား ထပ်မံဖော်ထုတ်ချက်အရ ၎င်းတို့၏ ရည်ရွယ်ချက်မှာ သီတင်းကျွတ်ကာလအတွင်း မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရား ကျောင်းကန် သွားရောက်ခြင်း၊ ကုသိုလ်အလှူပွဲများ ပြုလုပ်ခြင်း၊ မိသားစုအေးချမ်းပျော်ရွှင်စွာ အပန်းဖြေ ခရီးသွားလာမှုများဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း ၍ ပုံမှန်သွားလာ စည်ကားဖြစ်ပေါ်တိုးတက်မှု အခြေ အနေများအပေါ် မနာလိုမရှုဆိတ်စွာဖြင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားမှု ပျက်ပြားစေရန် ဆရာ ဆရာမများကို သတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ခြင်းများ လုပ်ဆောင်ရန် ဆောင်ရွက်ထား ကြောင်း၊ တန်ဆောင်တိုင်ကာလမတိုင်မီ နိုဝင်ဘာလ ၁၅ ရက်မှစတင်၍ ပြည်သူများ ထိတ်လန့်တုန်လှုပ် ချောက်ချားပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ် ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများ တိုးမြှင့် လုပ်ဆောင်ရန် NUG မှ ဇော်ဝေစိုး၊ ရည်မွန်၊ လွင်ကို လတ်တို့က ၎င်းတို့၏ လက်အောက်ခံအကြမ်းဖက် အဖွဲ့များအား နိုင်ငံအနှံ့ အဖျက်အမှောင့်များနှင့် အကြမ်းဖက်မှုများ ဆောင်ရွက်ရန် ခိုင်းစေခဲ့ကြောင်း သိရှိရသည်။

### မြို့ရွာများ အေးချမ်းတည်ငြိမ်

အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ နေအိမ်/တိုက်ခန်း ငှားရမ်းနေထိုင်သူများအနေဖြင့် အကြမ်းဖက်မှုကျူးလွန်ကြောင်း ဖော်ထုတ်တွေ့ရှိပါ က ငှားရမ်းသည့် ပိုင်ရှင်များအား တည်ဆဲဥပဒေအရ အရေးယူမည့်အပြင် နေအိမ်တိုက်ခန်းများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သက်သေခံ အဖြစ် ထိန်းသိမ်း၍ တရားရုံးတွင် စစ်ဆေးပေါ်ပေါက် ပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ် ပြန်ခဲ့ပြီးဖြစ်သဖြင့် အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့ သော နေအိမ်/တိုက်ခန်းများနှင့် အကြမ်းဖက် PDF အဖွဲ့ဝင်များ နေထိုင်နိုင်ရေးအတွက် ငှားရမ်းပေး သော အိမ်ပိုင်ရှင်များအား တည်ဆဲဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများ အား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီး ပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာ ရပ်ခံထားသည်။

**သတင်းစဉ်**



ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၃) ရပ်ကွက် ဥဿဖရားလမ်း နေအိမ်မှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။



တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် ကျော်သူလမ်း တိုက်အမှတ် ၈၀၃ (၃ လွှာ) မှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။



သဃ်န်းကျွန်းမြို့နယ် ဆရာစံလမ်း City Mark အနီး၌ သိမ်းဆည်း ရမိသည့် လက်နက်/ခဲယမ်းများ။

*စာမျက်နှာ ၁၀ မှ*

တစ်ကြိမ်လျှင် ၁၀ နှစ်စီတိုး၍ သက်တမ်း တိုးပေးလေ့ရှိကြသည်။ ကုန်စည်တစ်ခု အား ပြည်ပသို့တင်ပို့ရာတွင် တင်သွင်း နိုင်ငံမှ အသိအမှတ်ပြုသည့်၊ ဈေးကောင်း ရသည့် ကုန်စည်တစ်ခုအနေဖြင့် တင်ပို့ လိုပါက ယင်းနိုင်ငံရှိဒေသဆိုင်ရာအညွှန်း မှတ်ပုံတင် ပေးပိုင်ခွင့်ရှိသော ရုံးများတွင် မှတ်ပုံတင်ထားရန် လိုအပ်သည်။

**ဒေသဆိုင်ရာအညွှန်းရရှိခြင်း၏အကျိုး ကျေးဇူးများ**

**(က) ဈေးကောင်းရခြင်း**

အီးယူဈေးကွက်တွင် ဒေသဆိုင်ရာ အညွှန်း ရရှိထားသော ကုန်စည်သည် မရရှိထားသော ကုန်စည်ထက် ၂ ဒသမ ၂၃ ဆ ဈေးပိုရပြီး စိုက်ပျိုးရေးထွက်ကုန် ဖြစ်ပါက ၁ ဒသမ ၅ ဆ ဈေးပိုရသည်။ အဆ ၂၀ မှ ၅၀ အထိ ဈေးပိုရခဲ့သော ကုန်စည်များရှိခဲ့သည်။ ဒေသဆိုင်ရာ အညွှန်းရရှိထားသော ကော်ဖီဈေးနှုန်း သည် မရရှိထားသော ကော်ဖီဈေးနှုန်း ထက် ၂ ဒသမ ၂၃ ဆ ဈေးပိုရသည်။ အင်ဒိုနီးရှားနိုင်ငံထွက် ပန်းရနံ့ရ Bajawa အာရေဗီးယားမျိုး အနီရောင် ကော်ဖီသည် ဒေသဆိုင်ရာ အညွှန်း ပိုင်ဆိုင်ခွင့်ရှိသောအခါ ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း စိုက်ပျိုးသည့် အဆင့်မှ တင်ပို့သည့်အဆင့်အထိ ပါဝင် ကြသူအားလုံး ၂ ဒသမ ၂ ဆပို၍ အကျိုး အမြတ် ရခဲ့ကြသည်။ ဆက်လက်၍လည်း ဈေးတက်နေဆဲဖြစ်သည်။ ထိုင်းနိုင်ငံ ထွက် Doi Chang ကော်ဖီသည် ဈေးနှစ်ဆပိုကြီးသကဲ့သို့ ဗီယက်နမ်နိုင်ငံ Buon Ma Thout ကော်ဖီသည် ဒေသ ဆိုင်ရာ အညွှန်းရရှိထားသောကြောင့် အခြားအလားတူ ကော်ဖီဈေးနှုန်းများ ထက် နှစ်ဆမှ သုံးဆအထိ ဈေးပိုရသည်။

**(ခ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ခြင်း**

အသိအမှတ်ပြု လက်မှတ်ရရှိထား ခြင်းသည် ထုတ်လုပ်ရာ၌ သဘာဝ ပတ်ဝန်းကျင်နှင့် ညီညွတ်မှုရှိကြောင်း အာမခံထားခြင်းဖြစ်ရာ ကျင့်ဝတ်ကို အလေးထားကြသည့် စားသုံးသူများ သည် အသိအမှတ်ပြုလက်မှတ်ရ ကုန်စည်များကိုသာ ရွေးချယ်လာကြ သည်။ တစ်နည်းအားဖြင့်ဆိုသော် ဒေသ ဆိုင်ရာအညွှန်းရရှိထားသည့် ကုန်စည် သည် လူမှုရေးရာနှင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ စံချိန်စံညွှန်းများ လိုက်နာ ပြီးသားဖြစ်သည်။

**(ဂ) ခရီးသွားလုပ်ငန်းများ အောင်မြင် လာခြင်း**

ကော်ဖီထုတ်လုပ်တင်ပို့သော နိုင်ငံ များသည် နည်းလမ်းမျိုးစုံဖြင့် ၎င်းတို့၏ Customer များကို နည်းလမ်းမျိုးစုံဖြင့် ဆွဲဆောင်လျက်ရှိသည့်အနက် ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရာဒေသအား အခြေ ပြု၍ ခရီးသွားများကို ဖိတ်ခေါ်လျက်ရှိ သည့် အစီအစဉ်သည်လည်း တစ်ခုအပါ အဝင်ဖြစ်သည်။ Bajawa ကော်ဖီ စိုက်ပျိုးရာ Ngadha ကုန်းမြင့်ဒေသ သည် ယခုအခါ ခရီးသွားအများအပြား လာရောက်ရာ အင်ဒိုနီးရှားနိုင်ငံ၏ ဒေသ တစ်ခု ဖြစ်လာခဲ့ပါသည်။

ရှမ်းဒေသသည်လည်း တစ်နှစ် ပတ်လုံး ခရီးသွားလာနိုင်သည့်ဒေသ ဖြစ်ရာ ပြဒါးလင်းဂူ၊ တောကျယ်၊ တလုပ်ချ နှင့် ဆည်ကြီးရေတံခွန်၊ မြသပိတ်ရေပြာ အိုင်များသို့ ခရီးသွားလာရောက်မှု များပြားခဲ့ပြီးဖြစ်သည်။ ကိုယ်ပိုင်ဓလေ့၊ ကိုယ်ပိုင်ဟန်ဖြင့် ကော်ဖီစိုက်ပျိုးသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ခရီးသွား များအား ဆွဲဆောင်နိုင်သည့် အစီအစဉ် များ ထည့်သွင်းရေးဆွဲနိုင်မည်ဆိုပါက Agro – Ecotorisum လုပ်ငန်းများပါ ဖွံ့ဖြိုးပြီး ဒေသခံ၏ လူနေမှုဘဝမြင့်တက် လာမည် ဖြစ်သည်။

ထို့ကြောင့် ဒေသဆိုင်ရာအညွှန်း မူပိုင်ခွင့် ရရှိနိုင်သော ရှမ်းဒေသထွက် ကော်ဖီကို တင်ပို့လိုသောနိုင်ငံများတွင် မှတ်ပုံတင်၍ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပြုမည်ဆိုလျှင် ဈေးကွက် ကျယ်ပြန့်လာပြီး နိုင်ငံခြားငွေရရှိလာ နိုင်မည်ဖြစ်သည်။ မူပိုင်ခွင့်ပြုလုပ်သော လုပ်ငန်းစဉ်များသည် ယေဘုယျအားဖြင့် ခြောက်လမှ တစ်နှစ်နှစ်နီးပါးကြာရာ ယခုမှစတင်၍ ဆောင်ရွက်နိုင်မည် ဆိုလျှင် လာမည့်ပြေိတွင် မှတ်ပုံတင် ခြင်း လုပ်ငန်းများပြီးမြောက်နိုင်ပါက ၂၀၂၂ ခုနှစ် ကော်ဖီတင်ပို့ချိန်ရာသီမှ စတင်၍ နိုင်ငံခြားငွေများ တိုးတက်ရရှိ လာနိုင်ဖွယ်ရှိပါကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။ ။

# ဂျပန်၌ အသက် ၁၂ နှစ်အောက်ကလေးများကို ဖေဖော်ဝါရီလမှစပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးတော့မည်

တိုကျို နိုဝင်ဘာ ၁၇

**နောက်နှစ် ဖေဖော်ဝါရီလမှအစောဆုံးထားပြီး အသက် ၁၂ နှစ်အောက် ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးတိုးချဲ့ထိုးပေးသွားမည်ဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၇ ရက်ကပြောသည်။**

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနက နိုင်ငံတစ်ဝန်းမှာရှိသည့် ဒေသန္တရ အုပ်ချုပ်ရေးနယ်မြေများအတွင်း ကျရောက်သည့် နေရာများအားလုံးတွင် အသက် ၅ နှစ်မှ ၁၁ နှစ် အတွင်းရှိ ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် စတင်ပြင်ဆင်လျက်ရှိသည်။

အဆိုပါအစီအစဉ်နှင့် သက်ဆိုင်သည့် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ကလေးများအတွက် ကာကွယ်ဆေးသည် အစွမ်းထက်ထိရောက်ပြီး ဘေးကင်းလုံခြုံစိတ်ချမှုရှိကြောင်း မိဘများသို့မဟုတ် အုပ်ထိန်းသူများကို ပြည့်ပြည့်စုံစုံရှင်းပြပေးသင့်ကြောင်း ဝန်ကြီးဌာနက ဖော်ပြထားသည်။

ထို့အပြင် ကာကွယ်ဆေးထိုးပြီးနောက် ဘေးထွက်ဆိုးကျိုးတစ်စုံတစ်ရာ သက်ရောက်မှုရှိပါကလည်း ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများကပဲ သင့်တော်သော ကုသမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။

အစိုးရထံမှ ခွင့်ပြုချက်ရရှိသည်နှင့် တစ်ပြိုင်နက် အဆိုပါ ကာကွယ်ဆေးထိုးအစီအစဉ်ကို စတင်မည်ဖြစ်ကြောင်းသိရသည်။ ဝန်ကြီးဌာန တာဝန်ရှိသူများကလည်း ကာကွယ်ဆေးထိုးပေးမည့် အသက်အရွယ်အုပ်စုကို တိုင်ပင်ဆွေးနွေးလျက်ရှိသည်။

လွန်ခဲ့သော သီတင်းပတ်က အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဖိုက်ဇာက ဘီရှုန်တက်ခ်နှင့်ပေါင်းပြီး အသက် ၅ နှစ်မှ ၁၁ နှစ်အကြား ကလေးများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများ ပြုလုပ်ဆောင်ရွက်နိုင်ရန် လျှောက်လွှာတင်သွင်းခဲ့သည်။




ဖိုက်ဇာ-ဘီရှုန်တက်ခ် ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးကို တွေ့ရစဉ်။

လတ်တလောတွင် အစိုးရသည် အသက် ၁၂ နှစ်နှင့်အထက် အသက်အုပ်စုများကို ဖိုက်ဇာ-ဘီရှုန်တက်ခ်နှင့် အမေရိကန်ဆေးဝါးထုတ်လုပ်သူ မော်ဒါးနား ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အသုံးပြုခွင့်ပေးခဲ့သည်။ အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့် အထက် အသက်အုပ်စုတွင် အသုံးပြုရန် ကန့်သတ်ထားသည်။

ဆင်ဟွာ




ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှ သက်သေခံပစ္စည်းများ စုစည်းနေသည်ကို တွေ့ရစဉ်။

# ယူဂန္ဒာမြို့တော်၌ အသေခံဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွား ခြောက်ဦးထက်မနည်း သေဆုံးပြီး ၃၆ ဦး ဒဏ်ရာရရှိ

**ကမ်ပါလာ နိုဝင်ဘာ ၁၇**

ယူဂန္ဒာမြို့တော်တွင် အသေခံဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ခြောက်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၃၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရ စာရင်းထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

လွှတ်တော်အဆောက်အအုံအနီး လမ်းမပေါ်နှင့်ရဲစခန်းအနီးတွင် နိုဝင်ဘာ ၁၆ ရက်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲပြီးနောက် အဆိုပါနေရာကို အစောင့်များ ချထားကြောင်းသိရသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး နာရီအတော်ကြာတွင် သမ္မတ ရိုဝီရီ မူဆဗီနီက ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး လုံခြုံရေး အေဂျင်စီများက ထပ်မံခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းလျက်ရှိကြောင်း လူထုကို အသိပေးပြောကြားခဲ့သည်။

အဆိုပါ ဖောက်ခွဲမှုကို အသေခံဗုံးဖောက်ခွဲရေးသမား နှစ်ဦးက ပြုလုပ်ခဲ့ပြီး သံသယရှိသည့် နောက်ထပ် ဗုံးဖောက်ခွဲသူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သမ္မတက ပြောသည်။

ထို့အပြင် အဆိုပါ တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး သမ္မတက ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့နှင့် အာဖရိကအလယ်ပိုင်းရှိ အိုင်အက်စ်အဖွဲ့ကို ပြစ်တင်ထားသည်။

အပြင်ဘက်က ဖောက်ခွဲရေးလုပ်ရန်လုပ်ငန်းများကို ကြံစည်နေသူများကိုလည်း ဖမ်းဆီးရမိရေး အိမ်နီးချင်းနိုင်ငံများနှင့် ပူးတွဲ ဆောင်ရွက်နေကြောင်း သမ္မတက ပြောသည်။

ရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဖရက်ဒ်အီနန်ဂါက အကြမ်းဖက်စစ်ပွဲကို အောင်မြင်ရန်မှာ လုံခြုံရေးအေဂျင်စီများနှင့် ပြည်သူများ၏ ပူးပေါင်းလုပ်ဆောင်မှုရှိရန် ပင်ဖြစ်ကြောင်း ပြောသည်။

အကြမ်းဖက် တိုက်ခိုက်မှုများကို ရှုတ်ချဆန့်ကျင်ကြောင်း အဖွဲ့အစည်းများက ဖော်ပြထားသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်တွင် ပေါက်ကွဲမှုနှစ်ခုဖြစ်ပွား အရပ်သားလေးဦးသေဆုံး

**ကဘူးလ် နိုဝင်ဘာ ၁၇**

အာဖဂန်နစ္စတန် မြို့တော် ကဘူးလ်တွင် ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့ရာ အရပ်သားလေးဦး သေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။ ပထမပေါက်ကွဲမှုသည် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပြီး အများသုံး မီနီဘတ်စ်ကားကို ထိမှန်ခဲ့သောကြောင့် အလုပ်သွား အလုပ်ပြန် လေးဦး သေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်သက်သေ တစ်ဦးဖြစ်သူ ဆာရစ်အာမာက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ပေါက်ကွဲမှုကြောင့် ကားမှာ ပျက်စီးသွားခဲ့သည်။ ပထမဗုံးပေါက်ကွဲမှုဖြစ်ပြီး မကြာမီ ဒုတိယပေါက်ကွဲမှုသည် ဒါဘိုရီဒေသအနီးတွင် ဖြစ်ပွားခဲ့ကြောင်းနှင့် ဒုတိယပေါက်ကွဲမှုကြောင့် လူဘယ်နှဦးသေဆုံးခဲ့ကြောင်း တိကျသည့်သတင်းဖော်ပြချက်မျိုး မရှိသေးပေ။

အဆိုပါဖောက်ခွဲမှုများသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်ကြောင်း အခုချိန်ထိ မသိရသေးပေ။

ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ် အခြေခံလူတန်းစားများအား ကိုဗစ်-၁၉ ကာကွယ်ဆေးစတင်ထိုးပေး

**ဒါကာ နိုဝင်ဘာ ၁၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြို့တော်ဒါကာရှိ အခြေခံလူတန်းစားများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင် ထိုးနှံပေးနေပြီဖြစ်ကြောင်း သိရ သည်။

အခြေခံလူတန်းစား ထောင်ပေါင်းများစွာသည် ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုခံယူခဲ့ကြောင်း သိရသည်။

ပထမဆုံးနေ့တွင် ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်သည့် ဆင်းရဲသား ၁၅၀၀၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် မျှော်မှန်းထားကြောင်း ဒါကာမြောက်ပိုင်းမြို့တော် ကော်ပိုရေးရှင်းမှ အရာရှိတစ်ဦးဖြစ်သူ မက်ဆီလင်းရီဇာက ပြောသည်။

အခြေခံလူတန်းစားသုံးသိန်းနေထိုင်သည့် ကိုရေးရပ်ကွက်၌ ကာကွယ်ဆေးထိုးပြီးနောက် တခြား ဆင်းရဲသားရပ်ကွက်များတွင်လည်း ကာကွယ်ဆေး တိုးချဲ့ထိုးနှံမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

ဇန်နဝါရီလက ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဖြန့်ချိထိုးနှံမှုများလုပ်ဆောင်ခဲ့သော်လည်း အိန္ဒိယက တင်ပို့မှု ရပ်ဆိုင်းလိုက်သောကြောင့် ဧပြီလတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများ ရပ်ဆိုင်းခဲ့သည်။

တရုတ်နိုင်ငံက လှူဒါန်းထားသည့် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းဖြင့် ဇွန်လတွင် ကာကွယ်ဆေးထိုးမှုများ ပြန်လည်စတင်ခဲ့သည်။

ဆင်ဟွာ



အခြေခံလူတန်းစားများ နေထိုင်သည့် ကိုရေးရပ်ကွက်၌ အမျိုးသမီးတစ်ဦး ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားသည်ကို တွေ့ရစဉ်။

# အသက်ကယ် ကာကွယ်ဆေးများကို အချိန်နှင့်တစ်ပြေးညီပေးပို့ခဲ့သည့် တရုတ်အစိုးရအား ကျေးဇူးတင်ကြောင်း ဖိလစ်ပိုင်ပြော

**မနီလာ နိုဝင်ဘာ ၁၇**

ဖိလစ်ပိုင်အစိုးရသည် အသက်ကယ် ကာကွယ်ဆေးများကို အချိန်နှင့်တစ်ပြေးညီ ပေးပို့ခဲ့သည့် တရုတ်အစိုးရအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံက ဆီနိုဗက်၊ ကိုရိုနာဗက် ကိုဗစ်-၁၉ ကာကွယ်ဆေး နောက်ထပ် တစ်သုတ်ကို လက်ခံရရှိပြီးနောက် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ထပ်မံပေးပို့လိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် တရုတ်ကာကွယ်ဆေး ထုတ်လုပ်သူများထဲမှ ဖိလစ်ပိုင်က ဝယ်ယူခဲ့သော ကာကွယ်ဆေးများဖြစ်ကြောင်း အစိုးရ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေးအဓိက အကောင်အထည်ဖော်သူ ကာလီသို ဂါဗက်ဇ်က မနီလာလေဆိပ်၌ သတင်းထောက်များကို ပြောကြားလိုက်သည်။

ဆီနိုဗက်သည် ဖိလစ်ပိုင်အစိုးရ၏ အလွန်အားထားယုံကြည်ရသော မိတ်ဖက်ဖြစ်ကြောင်း ဂါဗက်ဇ်က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် ဖေဖော်ဝါရီ ၂၈ ရက်မှစပြီး ဖိလစ်ပိုင်နိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ပထမအကြိမ်ပေးပို့ခဲ့သည်။

ဆင်ဟွာ

# နိုဝင်ဘာ ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၄၃ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၈၉၇၅ ဦးရှိ

(၁၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက် လျက်ရှိပြီး (၁၆-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၂၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၄၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၄၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၈၄,၁၀၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၅,၅၅၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၀၁၉) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၇,၁၄၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၈,၉၇၅) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၆-၁၁-၂၀၂၁) ရက်နေ့ အထိ လူဦးရေစုစုပေါင်း (၁၅,၀၄၃,၃၄၈) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံ ပြီးစီးသူ (၁၀,၀၂၉,၆၇၀) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၀၁၃,၆၇၈) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၆-၁၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၂၅,၀၇၃,၀၁၈) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂,၀၆၁) ခု | (၁၈၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၀) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၂၈) ခု | (၁၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၀) ခု | (၈) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၃၈) ခု | (၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၅၉) ခု | (၁၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၁၅) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Testစစ်ဆေးမှုအခြေအနေ | (၉၂၄) ခု | (၃၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၁၉၅) ခု | (၅၈၈) ဦး |
| စုစုပေါင်း | (၂၄,၂၉၀) ခု | (၈၄၃) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ
(၁၆-၁၁-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၀၁၃,၆၇၈) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၀,၀၂၉,၆၇၀) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့်ထိုးနှံပြီးလူဦးရေစုစုပေါင်း | (၁၅,၀၄၃,၃၄၈) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses) | (၂၅,၀၇၃,၀၁၈) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်းအခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ (၅)ရာခိုင်နှုန်းအောက်သို့ လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ- ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်း မရှိသူများ) ထံမှ ရောဂါပိုးအဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်းမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက်ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာ လိုက်နာကြပါရန် ဖြစ်ပါသည်။
    - **အတတ်နိုင်ဆုံး မိမိတို့၏နေအိမ်များတွင်သာနေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
    - **နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ခြင်း၊**
    - **လက်ကို မကြာခဏဆေးကြောခြင်း၊**
    - **တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊**
    - **အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊**
    - **သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့် အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊**
    - **ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း၊**
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၇- ၁၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၁၆၁၃၇၇ | ၃၈၀၁၃၉၉၂၈ | ၇၈၆၂၆၈ |
| ၂။ | အိန္ဒိယ | ၃၄၄၆၆၅၉၈ | ၃၃၈၇၃၈၉၀ | ၄၆၄၁၅၃ |
| ၃။ | ဘရာဇီး | ၂၁၉၆၅၆၈၄ | ၂၁၁၇၇၃၆၇ | ၆၁၁၅၂၄ |
| ၄။ | ဗြိတိန် | ၉၆၃၇၁၉၀ | ၇၉၀၃၄၁၈ | ၁၄၃၁၅၉ |
| ၅။ | ရုရှား | ၉၁၈၂၅၃၈ | ၇၈၈၂၈၃၆ | ၂၅၉၀၈၄ |
| ၆။ | တူရကီ | ၈၄၅၇၁၁၉ | ၇၉၄၁၆၆၄ | ၇၃၉၇၃ |
| ၇။ | ပြင်သစ် | ၇၃၁၀၆၆၄ | ၇၀၂၂၀၂၃ | ၁၁၈၂၇၁ |
| ၈။ | အီရန် | ၆၀၅၇၈၉၃ | ၅၇၃၄၁၈၁ | ၁၂၈၅၃၁ |
| ၉။ | အာဂျင်တီးနား | ၅၃၀၈၇၈၁ | ၅၁၇၄၅၄၈ | ၁၁၆၂၉၄ |
| ၁၀။ | ဂျာမနီ | ၅၁၀၈၉၀၄ | ၄၅၄၀၉၀၀ | ၉၈၆၆၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၇- ၁၁ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၁၉၄၅ | ၄၀၉၉၈၅၇ | ၁၄၃၆၉၈ |
| ဖိလစ်ပိုင် | ၂၈၂၀၄၉၄ | ၂၇၅၀၅၃၁ | ၄၆၁၁၇ |
| မလေးရှား | ၂၅၅၆၈၆၅ | ၂၄၆၁၇၈၀ | ၂၉၇၆၉ |
| ထိုင်း | ၂၀၃၇၂၂၄ | ၁၉၂၅၆၄၃ | ၂၀၁၉၇ |
| ဗီယက်နမ် | ၁၀၅၅၂၄၆ | ၈၇၄၈၇၀ | ၂၃၃၃၇ |
| မြန်မာ | ၅၁၅၅၅၉ | ၄၈၇၁၄၅ | ၁၈၉၇၅ |
| စင်ကာပူ | ၂၄၁၃၄၁ | ၂၁၈၃၅၅ | ၆၁၂ |
| ကမ္ဘောဒီးယား | ၁၁၉၆၈၇ | ၁၁၆၀၇၂ | ၂၈၈၁ |
| လာအို | ၅၇၃၉၇ | ၄၆၈၁၈ | ၁၁၂ |
| ဘရူနိုင်း | ၁၄၃၇၈ | ၁၃၇၈၆ | ၉၆ |

# အမှားကိုလက်ခံခြင်း"အား"နှင့် မြစိမ်းရောင်စီမံကိန်းကို ဆန်းစစ်ခြင်း

ခန့်ဇော်(ကျေးလက်)

**စီမံကိန်း၊ စီမံချက်အားလုံး ကောင်းပါသည်၊ မှန်ပါသည်ဟု ဆိုလို့မရပါ။ အဖွဲ့အစည်းများနှင့် ဝန်ထမ်းများရဲ့စွမ်းရည်၊ အုပ်ချုပ်ထောက်ပံ့မှုပိုင်းဆိုင်ရာ ပြည့်စုံမှု ရှိ/ မရှိ အခြေအနေ၊ စီမံကိန်း Design ၊ ဆောင်ရွက်အကောင်အထည်ဖော်သည့် နည်းလမ်း၊ ပြည်သူ/ ကော်မတီများရဲ့ စွမ်းဆောင်ရည်၊ M&E စနစ်ကောင်းမွန်မှု ရှိ/ မရှိ၊ နှစ်စဉ်ပုံမှန်ဆန်းစစ်ခြင်း၊ သုံးသပ်ခြင်း ရှိ/မရှိ၊ ကောင်းတာတွေကို ပိုကောင်းအောင်လုပ်ခြင်း၊ မကောင်းတာတွေကိုပြင်ခြင်း စတာတွေပေါ်မှာ မူတည်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ရာမှာ CDD စီမံကိန်းမှ အတွေ့အကြုံကောင်းဖြစ်တဲ့ နှစ်စဉ်သုံးသပ်ခြင်း၊ ဆုပေးခြင်း၊ လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ Manual ပြင်ဆင်ခြင်းများ နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပုံမှန်သုံးသပ်နေသလို လွတ်လပ်သော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းစစ်တမ်းကောက်ယူ သုတေသနပြုလုပ်ဆန်းစစ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။**

### Baseline

မြစိမ်းရောင်ကို ၂၀၁၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ ဆောင်ရွက်ခဲ့တဲ့ Survey စစ်တမ်းကို Baseline အဖြစ် သတ်မှတ်ခဲ့ပါတယ်။ စစ်တမ်းဆောင်ရွက်ခဲ့တဲ့အဖွဲ့တွေက SPPRG (Social Policy and Poverty Research Group) နှင့် Ecodev Myanmar တို့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ LIFT က ထောက်ပံ့ပါတယ်။ ပြည်နယ်/ တိုင်း ၁၇ ခု၊ မြို့နယ် ၂၆၆ မြို့နယ်မှ ကျေးရွာပေါင်း ၉၆၁ ရွာမှာ အိမ်ထောင်စုပေါင်း ၉၉၂၁ ထံမှ စစ်တမ်းကောက်ယူခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်ပြီး မြစိမ်းရောင်ကျေးရွာပေါင်း ၄၄၅၀ အပေါ် အခြေခံကောက်ယူခဲ့ပါတယ်။

### အကြံပြုချက်များ

(၁) ကောက်ယူခဲ့သော အခြေခံအချက်အလက်များသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် Baseline အနေဖြင့် လက်ခံရန် ထောက်ခံထားပါတယ်။

(၂) မြစိမ်းရောင်စီမံကိန်းတွင် ပါဝင်ခဲ့သည့် အိမ်ထောင်စုများသည် ဤစီမံကိန်း ကျေးဇူးကြောင့် လူမှုစီးပွားရေးတိုးတက်မှုကို တွေ့ရှိခဲ့ရပါတယ်။ စီမံကိန်းတွင် ပါဝင်ခဲ့သော အိမ်ထောင်စုများ၏ တွေ့ရှိချက်ပမာဏမှာ များစွာမရှိသော်လည်း အချို့လူမှုစီးပွားရေးအခြေခံဖြစ်သော အလုပ်အကိုင်၊ ကြွေးမြီ၊ ပညာရေးများတွင် ထူးခြားစွာတိုးတက်မှုတွေ့ရှိခြင်းကြောင့် ဤစီမံကိန်းဆောင်ရွက်ပြီးနောက် ၃/ ၅ နှစ် နောက်ပိုင်းတွင် အခြေခံအချက်အလက်များကို ပြန်လည်လေ့လာသုံးသပ်ရန် အကြံပြုထားပါတယ်။

(၃) မြစိမ်းရောင်ချေးငွေသည် သက်သာသော အတိုးနှုန်းဖြစ်သဖြင့် အိမ်ထောင်စုများ၏ ကြွေးမြီပမာဏ လျော့ကျလာသည်ကို လေ့လာတွေ့ရှိရပါတယ်။ ရရှိခဲ့သော ချေးငွေကို အိမ်ထောင်စု၏ အသက်မွေးဝမ်းကျောင်းတိုးပွားရန် များစွာသုံးစွဲခဲ့မှုကို တွေ့ရှိရ၍ မြစိမ်းရောင်စီမံကိန်းသည် ကျေးလက်နေပြည်သူများ အလွန်အကျိုးပြုသည့် စီမံကိန်းတစ်ခုဖြစ်ခြင်းကြောင့် ဆက်လက်ဆောင်ရွက်ရန် အကြံပြုထားပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အားနည်းချက်များကို မပြတ်ဖော်ထုတ်ပြီး နည်းလမ်းရှာ၊ ပြင်ဆင်အဖြေရှာ ဆောင်ရွက်ခဲ့ပါတယ်။ တစ်နေ့မှာတော့ နိုင်ငံအကြီးအကဲတစ်ဦးက မြစိမ်းရောင်စီမံကိန်းမှာ အားနည်းချက်တွေ ရှိတယ်လို့ ထောက်ပြလာပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ လက်ခံပါတယ်။ အားနည်းချက်များကို ဖော်ထုတ်ပြီး ပြင်ဆင်ရန်နည်းလမ်းများနှင့်အတူ ပြန်လည်တင်ပြခဲ့ပါတယ်။ ဒီနေရာမှာ "အား" အကြောင်းအနည်းငယ်ပြောဆိုလိုပါတယ်။




အရေးကြီးဆုံး"အား"က "ကိုယ့်အကြောင်းကိုယ်သိ"၊ "ကိုယ့်အမှားကိုယ်သိ"၊ "အမှားကိုလက်ခံ အမှန်ပြင်ခြင်း" သည် အောင်မြင်မှုအတွက် အဓိကသော့ချက်"အား"ဖြစ်တယ်လို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ခံယူပြီး ထောက်ပြဝေဖန်မှုက မှန်ကန်ကြောင်း လက်ခံပြီး ကိုယ့်ရဲ့ အားနည်းချက်အမှားများကို ရှာဖွေဖော်ထုတ်ပြုပြင်ခဲ့ကြပါတယ်။ အဓိကအားနည်းချက်များက အခြေအနေမှန်အားလုံးမသိခြင်း၊ M&E စနစ် အားနည်းခြင်း၊ စွမ်းဆောင်ရည် လိုအပ်နေခြင်း၊ အကောင်အထည်ဖော်နေတဲ့ ဝန်ထမ်းများအတွက် အုပ်ချုပ်ထောက်ပံ့မှုမပြည့်စုံခြင်း၊ စီမံကိန်းပေါင်းမြောက်မြားစွာနဲ့ ဝန်ထမ်းများ ဝန်ပိနေခြင်းများဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဆုံးဖြတ်လိုက်တဲ့ ယခုဖော်ပြချက်ကို "အား"အဖြစ် ပြောင်းလိုက်တယ်။ နိုင်ငံအကြီးအကဲရဲ့ ထောက်ပြချက်ကို အလုပ်နဲ့ သက်သေပြမယ်။ ပြင်စရာရှိတာတွေ ပြင်တယ်။ ပံ့ပိုးစရာရှိတာတွေ ပံ့ပိုးတယ်။ M&E ပိုကောင်းအောင်လုပ်တယ်။ ရသမျှ Resources အကူအညီ ရယူဆောင်ရွက်တယ်။ တစ်နိုင်ငံလုံးမှ ဝန်ထမ်းများရဲ့ စွမ်းဆောင်ရည်နဲ့ ကော်မတီများရဲ့ စွမ်းဆောင်ရည် မြှင့်တင်ရေးတွေ တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ အဆင့်ဆင့်သော ဝန်ထမ်းများက စေတနာအပြည့်ဖြင့် ထောက်ပြဝေဖန်မှုကို "အား" အဖြစ်ပြောင်းကာ ဆောင်ရွက်ခဲ့ကြတယ်။ လွှတ်တော်အပါအဝင် အဖွဲ့အစည်းများ အများစုလက်ခံလာတာ တွေ့ရပါတယ်။ ထင်ရှားတဲ့ Result တစ်ခုပါပဲ။

### သီးခြားလွတ်လပ်သောစစ်တမ်းကောက်ယူခြင်း

၂၀၁၉ ခုနှစ်မှာ မြစိမ်းရောင်စီမံကိန်းကို ထပ်မံဆန်းစစ် စစ်တမ်းကောက်ရန် ပြင်ဆင်ခဲ့ပါတယ်။ ယခင်စစ်တမ်းက Local NGOs နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပူးပေါင်းကောက်ယူတဲ့အတွက် ၁၀၀ ရာခိုင်နှုန်း လွတ်လပ်တဲ့စစ်တမ်းလို့ ပြောမရဘူး။ ဒါကြောင့် Third Party သီးသန့်ပုံစံမျိုး ၁၀၀ ရာခိုင်နှုန်း လွတ်လပ်တဲ့ အဖွဲ့တစ်ခု ကောက်ယူတဲ့ စစ်တမ်းမျိုး Bias မပါတဲ့ စစ်တမ်းမျိုး ကောက်ယူဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါကြောင့် ၂၀၁၉ ခုနှစ်မှာ CGG (Centre for Good Governance) က ဦးဆောင်ပြီး Cardno ၊ MERCY CORPS နဲ့ Pact တို့ ပူးပေါင်းဆောင်ရွက်၍ စစ်တမ်းကောက်ယူခဲ့တယ်။ Ecodev Myanmar မှ အကြံအဉာဏ်ကောင်းများ ပေးခဲ့ပါတယ်။ ဒီစစ်တမ်းကောက်ယူချိန်မှာ အတွေ့အကြုံရှိသော အမှီအခိုကင်းလွတ်သည့် EMRef ပညာအလင်းပွင့် မြန်မာသုတေသနဖောင်ဒေးရှင်းမှ ပံ့ပိုးဆောင်ရွက်ခဲ့ပါတယ်။ ကွင်းဆင်းစစ်တမ်းကောက်ယူရာတွင် ကျပန်းရွေးချယ်ထားသော မြို့နယ်လေးမြို့နယ်မှ ကျေးရွာ ၁၆ ရွာပါရှိပြီး ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်နဲ့ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တို့ ပါဝင်ပါတယ်။

### အားသာချက်များ

စစ်တမ်းအရ ရွာသူရွာသားများနှင့် ကော်မတီဝင်များက ပြန်လည်တင်ပြမှု အများဆုံးအချက်များမှာ မြစိမ်းရောင်စီမံကိန်းအတိုးနှုန်းသည် နည်းပါးသည့် အတိုးနှုန်းဖြစ်ခြင်း၊ အခြားသော ငွေချေးသူများသည် ၎င်းတို့၏အတိုးနှုန်းများကို လျှော့ချသွားခြင်း၊ ချေးငွေများသည် ရေရှည်ဖြစ်ခြင်း၊ ရိုးရှင်းသည့် လုပ်ထုံးလုပ်နည်း၊ အပေါင်ပစ္စည်းပေးရန် မလိုခြင်း၊ အားလုံးလျှောက်ထားနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးသူများ အကျိုးရှိခြင်း၊ မွေးမြူရေးတွင် မြှုပ်နှံနိုင်ခြင်း၊ ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုနိုင်ခြင်း၊ ကျေးရွာမှပိုင်ဆိုင်ပြီး အမြဲတမ်းပိုင်ဆိုင်မှုဖြစ်ခြင်း၊ တိုးပွားလာသည့် အတိုးနှုန်းများသည် ကျေးရွာအတွက်ဖြစ်ပြီး အစိုးရအတွက်မဟုတ်ခြင်း၊ ပုံမှန်အတိုးပေးရခြင်းများသည် ဝန်ထုပ်ဝန်ပိုးများကို လျော့ကျစေခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ စုပေါင်းလုပ်ဆောင်ရသည့် အလေ့အထနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပုံမှန်ပံ့ပိုးမှုများ ဖြစ်ပါတယ်။

### နည်းပါးသည့်အတိုးနှုန်း

မြစိမ်းရောင်ကျေးရွာကော်မတီများကို ၎င်းတို့၏လစဉ်အတိုးနှုန်းများအား ၀ ဒသမ ၅ ရာခိုင်နှုန်း၊ တစ်ရာခိုင်နှုန်း သို့မဟုတ် ၁ ဒသမ ၅ ရာခိုင်နှုန်း စသဖြင့် ကိုယ်ပိုင်သတ်မှတ်ခွင့် ပေးထားပါတယ်။ MADB ချေးငွေများသည် ၀ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုနည်းပါးသည့် တစ်ခုတည်းသော ချေးငွေဖြစ်ပါတယ်။ သမဝါယမဘဏ်ချေးငွေများမှာ ၂ ရာခိုင်နှုန်း၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းအများစုမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး ပုဂ္ဂလိက ငွေချေးသူများ သို့မဟုတ် ပွဲစားများသည် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိဖြစ်တဲ့အတွက် မြစိမ်းရောင်သည် အတိုးနှုန်းသက်သာပါတယ်။

### အခြားသောငွေချေးသူများသည် ၎င်းတို့၏အတိုးနှုန်းများကို လျှော့ချသွားခြင်း

မြစိမ်းရောင်ချေးငွေများ၏ နည်းပါးသော အတိုးနှုန်းများသည် ပုဂ္ဂလိကငွေချေးသူများ၏ အတိုးနှုန်းများကို လျော့ကျသွားစေသည့်သဘော သက်ရောက်မှုဖြစ်စေပြီး အလွန်ထူးခြား ကောင်းမွန်သည့် အကျိုးရလဒ်ဖြစ်ပါတယ်။ မြစိမ်းရောင်ချေးငွေ မရရှိခင်က ရွာသူရွာသားများသည် ပွဲစားများ သို့မဟုတ် ချမ်းသာသူများထံမှ ငွေချေးကြရပြီး လစဉ် အတိုးနှုန်း ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း အကြားရှိပါတယ်။ ၎င်းတို့၏ ပြောကြားချက်များအရ မြစိမ်းရောင်ချေးငွေသည် ထိုပုဂ္ဂလိကငွေချေးသူများ၏ လစဉ်အတိုးနှုန်း (၅ ရာခိုင်နှုန်း – ၁၀ ရာခိုင်နှုန်း) ကို ၃ ရာခိုင်နှုန်း – ၅ ရာခိုင်နှုန်းသို့ ကျသွားစေသဖြင့် အကျိုးဖြစ်စေခဲ့တယ်လို့ ဆိုပါတယ်။

### ချေးငွေများသည် ရေရှည်ဖြစ်ခြင်း

ကျေးရွာကော်မတီများသည် ချေးငွေကာလသတ်မှတ်ချက်ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆွေးနွေးတိုင်ပင်သတ်မှတ်ပြီး လက်ရှိကာလသတ်မှတ်ချက်သည် ၉ လမှ ၁၈ လအတွင်းရှိပါတယ်။ အတွေ့ရများသော ကာလမှာ ၁၂ လဖြစ်ပြီး အခြားချေးငွေများနှင့် နှိုင်းယှဉ်လျှင် ထိုကာလကို အပြုသဘောမြင်ကြပါတယ်။

### ရိုးရှင်းသည့်လုပ်ထုံးလုပ်နည်း၊ အပေါင်ပစ္စည်းပေးရန်မလိုခြင်း

မြစိမ်းရောင်ချေးငွေအတွက် အပေါင်ပစ္စည်းပေးရန် မလိုပါ။ အထူးသဖြင့် ရွာသူရွာသား အများစုပြောခဲ့သည်မှာ MADB နှင့်မတူညီသည်မှာ ပုံစံ (၇) မလိုအပ်ခြင်းဖြစ်သည်ဟု ဆိုပါတယ်။ ရိုးရှင်းပြီး ကျေးရွာအခြေခံသည့် လုပ်ထုံးလုပ်နည်းများကြောင့် ကုန်ကျစရိတ်မရှိပါ။ မြို့နယ်များအထိ အချိန်ကုန်၊ စရိတ်ကုန်သွားရောက်ပြီး ထုတ်ယူရန် မလိုအပ်သဖြင့် ကျေးရွာများမှ ကျေနပ်မှုရှိကြပါတယ်။

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

**အားလုံးလွှမ်းခြုံထားနိုင်ခြင်း**

မြစိမ်းရောင်ကျေးရွာများ သို့မဟုတ် ကျေးရွာယူနစ်များမှ တရားဝင်မှတ်ပုံတင်ထားသော မည်သည့်အိမ်ထောင်စုမှ ကိုယ်စားလှယ်မဆို ထိုအိမ်ထောင်စုကိုယ်စား ချေးငွေလျှောက်ထားနိုင်ပြီး တိုင်းရင်းသားဖြစ်မှု၊ ဘာသာရေး၊ ကျားမ ကွဲပြားမှု၊ မသန်စွမ်းမှု သို့မဟုတ် ချမ်းသာကြွယ်ဝမှုကြောင့် ဖယ်ချန်ထားခဲ့ခြင်းမျိုး မရှိ၊ အားလုံးပါဝင်ခွင့်ရှိသော စီမံကိန်းဖြစ်ပါတယ်။

**ဆင်းရဲနွမ်းပါးသူများ အကျိုးရှိခြင်း**

မြစိမ်းရောင်ချေးငွေသည် ဆင်းရဲနွမ်းပါးသူများကို အဓိက အကျိုးဖြစ်စေသည်ဟု ဆိုပါတယ်။ ယခင်က ၎င်းတို့သည် အတိုးနည်းသော ချေးငွေများကို လက်လှမ်းမီချေးယူနိုင်ခြင်း မရှိခဲ့ဘဲ ယခုအခါမြစိမ်းရောင်သည် ထိုသူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်နိုင်စေသည်ဟု ဆိုပါတယ်။ အသက်အရွယ်ကြီးသူတစ်ဦးကဆိုသည်မှာ “နှစ်သိန်းဆိုသည်မှာ သိပ်မများဘူးဆိုပေမယ့်လည်း ဆင်းရဲသူအတွက်တော့ အတော်အတန်များပါတယ်” ဟု ဆိုပါတယ်။

**မွေးမြူရေးတွင်မြှုပ်နှံနိုင်ခြင်း၊ ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုနိုင်ခြင်း**

ရင်းနှီးမြှုပ်နှံမှုအတွက်ဆိုရာတွင် အများအားဖြင့် တိရစ္ဆာန်မွေးမြူရေးပါဝင်ပြီး “ကိုယ်ရေးကိုယ်တာအသုံးပြုခြင်း” များကို တရားဝင်ခွင့် မပြုထားသော်လည်း ကျေးရွာတော်တော်များများသည် မြစိမ်းရောင်ချေးငွေကို ကိုယ်ရေးကိုယ်တာ သို့မဟုတ် လူမှုရေးရာ ရည်ရွယ်ချက်ဖြင့် အပြုသဘော အသုံးပြုကြသည်ကို တွေ့ရပါတယ်။ အတိအကျဆိုရလျှင် ကျောင်းကျူရှင်ကြေးသွင်းရခြင်းနှင့် ကျောင်းစာအုပ်ကြေးများ၊ ကလေးများ ကျောင်းတက်ရန်အတွက် စက်ဘီးဝယ်ခြင်းများ၊ နေအိမ်ပြုပြင်ခြင်းများနှင့် အချို့သောအရေးပေါ်ကိစ္စများအတွက် သုံးလိုက်ရခြင်းများ ဖြစ်ပါတယ်။

**ကျေးရွာမှပိုင်ဆိုင်ပြီး၊ အမြဲတမ်းပိုင်ဆိုင်မှုဖြစ်ခြင်း**

မြစိမ်းရောင်ကို “ရေရှည်တည်တံ့ခိုင်မြဲသည့်ငွေကြေး” အဖြစ်ဖော်ပြကြပြီး ဆိုလိုသည်မှာ ယင်းသည် တစ်နှစ်ထက်တစ်နှစ်ပို၍ အားထားလာနိုင်မည်ကို ဆိုလိုခြင်းဖြစ်ပါတယ်။ “မြစိမ်းရောင်သည် မျိုးဆက်များအတွက် ဖြစ်သည်”၊ “ချေးယူသူများပိုင်သည့်ငွေဖြစ်သည်” နှင့် “မြစိမ်းရောင်သည် တည်မြဲပြီး လူတိုင်းရနိုင်သည်” ဟူ၍ဖြစ်ပါတယ်။

**တိုးပွားလာသည့် အတိုးနှုန်းများသည် ကျေးရွာအတွက်ဖြစ်ပြီး အစိုးရအတွက်မဟုတ်ခြင်း**

ရွာသူရွာသားများသည် ထူးခြားပြီးအခြားသော ချေးငွေများနဲ့ကွဲပြားကြောင်း ပြောကြပြီး တိုးပွားလာသည့် အတိုးများသည် ၎င်းတို့ အကျိုးကျေးဇူးအတွက် ဖြစ်တယ်။ ၎င်းတို့၏ လှည့်ပတ်ရန်ပုံငွေများသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ကာလအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အသုံးပြုပါတယ်။ ပြောကြားခဲ့သည်မှာ ချေးငွေများထံသို့ ပြန်ဝင်သွားသည့် အတိုးများနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အစိုးရထံသို့ ပြန်ရောက်မသွားသည့်အတွက် တန်ဖိုးထားကြကြောင်း ပြောကြတယ်။ ငွေချေးသူများသည် ထိုငွေများကို ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် အတိုးများကို ဝမ်းမြောက်ဝမ်းသာပေးကြတယ်လို့ ဆိုပါတယ်။

❖ **တွေ့ရှိရသော အားနည်းချက်များနှင့် အကြံပြုချက်များကို ပြန်လည်သုံးသပ်၍ နှစ်စဉ် မြေပြင်အခြေအနေနှင့်အကိုက်ညီဆုံး အကောင်အထည်ဖော်နိုင်သော ပြင်ဆင်ချက်များ ပြုလုပ်ကြိုးကြပ်ဆောင်ရွက်လျက်ရှိ**

❖ **အသေးစား ငွေရေးကြေးရေးစီမံခန့်ခွဲမှု Softwares များ အသုံးပြုရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ ကျေးလက်ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်ပြောင်းလဲလာမှုအရ Digital နည်းပညာစနစ်များ အသုံးပြုရန် လိုအပ်**

**ပုံမှန်အတိုးပေးရခြင်းများသည် ဝန်ထုပ်ဝန်ပိုးများကို လျော့ကျစေခြင်း**

အတိုးပေးရခြင်းမှာ ပုံမှန်အားဖြင့် လစဉ် ပေးရခြင်းဖြစ်ပါတယ်။ မေးမြန်းခဲ့သူများမှ ဖြေကြားသည်မှာ ကာလအလိုက် အတိုးနှုန်းပေးရခြင်းသည် ကောင်းသောအချက်ဖြစ်ပြီး ဝန်ထုပ်ဝန်ပိုးနည်းသောကြောင့်ဖြစ်သည်ဟု ဆိုပါတယ်။ အချို့က ပြောသည်မှာ ဆင်းရဲသူများဟာ ချေးငွေများကို စီမံခန့်ခွဲခဲ့ဖူးခြင်းမရှိသော်လည်း ပမာဏသေးငယ်သည့် မြစိမ်းရောင် အတိုးပေးချေရခြင်းကိုမူ ကောင်းစွာ စီမံခန့်ခွဲနိုင်သည်ဟု ဆိုပါတယ်။

**ပွင့်လင်းမြင်သာမှု**

လူစာရင်းနှင့် ၎င်းတို့ချေးယူသည့် ပမာဏများကို ဖော်ထုတ်ကြေညာပြီး အများမြင်သာသည့် နေရာများတွင် ဘုတ်ပေါ်၌ ကပ်ထားကြပါတယ်။ လုပ်ငန်းစဉ်သည်လည်း ပွင့်လင်းမြင်သာမှုရှိပြီး အများပြည်သူအားလုံးနှင့် တွေ့ဆုံရှင်းပြခဲ့သောကြောင့် ဖြစ်ပါတယ်။

**စုပေါင်းလုပ်ဆောင်ရသည့်အလေ့အထ**

ကျေးရွာစီမံခန့်ခွဲမှုသည် “စုပေါင်းလုပ်ဆောင်ရသည့်အလေ့အထ” ကို ပို၍အားကောင်းစေပါတယ်။ ယင်းသည် သီးခြားသဘောထားမှတ်ချက်တစ်ခုသာ ဖြစ်သော်လည်း မြစိမ်းရောင်စီမံကိန်းကို ၎င်းတို့ဘာသာ စီမံခန့်ခွဲနိုင်ခြင်းအတွက် ဂုဏ်ယူမှုကို ကျယ်ပြန့်စွာ ထင်ဟပ်ဖော်ပြပါတယ်။

**မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ပံ့ပိုးမှု**

လုပ်ငန်းစဉ်များကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံခန့်ခွဲပြီး ၎င်းတို့၏ ဝန်ထမ်းများမှ ကျေးရွာကော်မတီလုပ်ငန်းစဉ်များကို အကူအညီပေးပါတယ်။ အသိအမှတ်ပြု ပြောကြားသည့်အချက်တစ်ချက်မှာ စာရင်းအင်းပြုစုခြင်းများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အရေးပါပြီး အထူးသဖြင့် ပုံစံများ၊ ငွေစာရင်းကိစ္စရပ်များအတွက် ဖြစ်ပါတယ်။

**အခြားသောအားသာချက်များ**

ရွာသူရွာသားများနှင့် ကော်မတီဝင်များမှ ပြန်လည်တင်ပြသော အခြားအားသာချက်များမှာ-

(၁) အတိုးနှုန်းမြင့်မားသော ချေးငွေများအပေါ်တွင် အားထားရမှုကျဆင်းခြင်း၊

(၂) ကုန်သည်များ/ စီးပွားရေးသမားများထံ အမှီအခိုကင်းလာခြင်း၊

(၃) အခြားသောငွေချေးသူများ၏ အတိုးနှုန်းများကျဆင်းလာခြင်း၊

(၄) အကျိုးအမြတ်များ ပိုမိုတိုးတက်လာသောကြောင့် ဝင်ငွေလည်း တိုးလာခြင်း၊

(၅) တိရစ္ဆာန်မွေးမြူရေးကို ပိုမိုချဲ့ထွင်နိုင်ခြင်း၊

(၆) အသေးစားကုန်သည်များကို ပိုပိုမြင့်တင်မှု ဖြစ်စေခြင်း၊

(၇) ပညာရေးနှင့်တိုးတက်လာသော နေထိုင်မှုအဆင့်အတန်းများနှင့် အစိုးရနှင့် ချိတ်ဆက်လုပ်ဆောင်ရာတွင် ယုံကြည်မှုများ ပိုမိုတိုးတက်လာခြင်းတို့ ဖြစ်ပါတယ်။

**လူသားအရင်းအနှီးနှင့် ရပ်ရွာလူထုစွမ်းဆောင်ရည်**

မြစိမ်းရောင်စီမံကိန်းသည် လူသားအရင်းအနှီး၊ ရပ်ရွာလူထုစွမ်းဆောင်ရည်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကူအညီဖြစ်စေခဲ့ပါတယ်။ ကျေးရွာကော်မတီများသည် ကျေးရွာတော်တော်များများတွင် ယခင်က လိုအပ်ခဲ့သည်များထက်ပို၍ ပုံစံတကျဖြစ်သော၊ ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်များကို လိုက်နာခဲ့ရပါတယ်။ ထိုအတွေ့အကြုံများသည် အခြားသော ကျေးရွာအဆင့်အဖွဲ့အစည်းများသို့ပါ စီးဆင်းသွားခဲ့ပါတယ်။ (ဘုန်းကြီးကျောင်းကော်မတီ၊ လူငယ်ကော်မတီ၊ ပညာရေးကော်မတီ၊ လျှပ်စစ်မီးရရှိရေးကော်မတီ၊ နာရေးအဖွဲ့များ စသဖြင့် မြစိမ်းရောင်အဖွဲ့ဝင်များပင်ဖြစ်ပါတယ်)။ အခြားတစ်ဖက်တွင် ကော်မတီဝင်များကဆိုသည်မှာ ၎င်းတို့သည် မြစိမ်းရောင်စီမံကိန်းမှ တရားဝင်ပုံစံတကျလုပ်ငန်းစဉ်များ လုပ်ကိုင်ခြင်းကို သင်ယူခဲ့ကြရပြီး ကျေးရွာ၏ စီးပွားရေးအခြေအနေများနှင့် အိမ်ထောင်စုများ၏ ငွေရေးကြေးရေးအဆင့်အတန်းကိုပါ သင်ယူခဲ့ကြရသည်ဟု ဆိုပါတယ်။ ယင်းအချက်များသည် အခြားသော ကော်မတီများဖွဲ့ရန် မည်သို့အကူအညီရကြောင်း နမူနာများကိုပါ ပြောကြားခဲ့ကြပါတယ်။

**အားနည်းချက်များ**

ရွာသူရွာသားများနှင့် ကော်မတီဝင်များမှ ပြန်လည်တင်ပြမှု အများဆုံးအချက်များမှာ-

(၁) ချေးငွေများနှင့် လှည့်ပတ်ရန်ပုံငွေမှာ ပမာဏအလွန်နည်းခြင်း၊

(၂) ချေးငွေစက်ဝန်းအစ သို့မဟုတ် အဆုံးမှာ သင့်လျော်မှုမရှိခြင်း - ပထမနှစ်တွင် အခက်အခဲဖြစ်ပြီး နောင်နှစ်များမှာ ကျေးရွာကော်မတီမှ ပြင်ဆင်သတ်မှတ်နိုင်ပါတယ်။

(၃) ချေးငွေကာလ အလွန်တိုခြင်း၊ ရှည်ခြင်း၊ အတိုးငွေအိပ်ခြင်း - အတိုးငွေမအိပ်အောင် ကျေးရွာကော်မတီမှ ပုံမှန်ထုတ်ချေးခြင်းများ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

(၄) မြစိမ်းရောင်၏ စည်းကမ်းတင်းကျပ်ခြင်း၊

(၅) တိုးပွားလာသည့် အတိုးများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မလောက်ငခြင်း- နှစ်ကြာလာသည်နှင့်အမျှ ရန်ပုံငွေတိုးပွားလာပြီး အခြားစီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။

(၆) ကျေးရွာယူနစ်တစ်ခုတည်းတွင် ကျေးရွာပေါင်းများစွာ ပါဝင်နေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ထိခိုက်နိုင်ခြေရှိသည်များ- ရန်ပုံငွေများ တိုးပွားလာ၍ ၎င်းရန်ပုံငွေအသစ် ထပ်မံချထားနိုင်ပြီး ၎င်းပေါင်းထားသော ကျေးရွာများကို စတင်၍ သီးခြားခွဲဝေ ဆောင်ရွက်လျက်ရှိပါတယ်။

တွေ့ရှိရသော အားနည်းချက်များနှင့် အကြံပြုချက်များကို ပြန်လည်သုံးသပ်၍ နှစ်စဉ် မြေပြင်အခြေအနေနှင့်အကိုက်ညီဆုံး အကောင်အထည်ဖော်နိုင်သော ပြင်ဆင်ချက်များ ပြုလုပ်ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်စဉ်စီမံကိန်းသုံးသပ်ပွဲများမှ ရရှိလာသော သုံးသပ်ချက်၊ အကြံပြုချက်များကိုလည်း ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ အသေးစား ငွေရေးကြေးရေးစီမံခန့်ခွဲမှု Softwares များအသုံးပြုရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ ကျေးလက်ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်ပြောင်းလဲလာမှုအရ Digital နည်းပညာစနစ်များ အသုံးပြုရန် လိုအပ်ပါတယ်။ ဝန်ထမ်းဦးရေနည်းပါးခြင်းနှင့် မြောက်မြားစွာသော စီမံကိန်းကျေးရွာများမှ အိမ်ထောင်စုများရဲ့ လုပ်ငန်းချေးငွေ၊ ပြန်ဆပ်ငွေ၊ အတိုးရငွေ၊ ဖွံ့ဖြိုးရေးအတွက် သုံးစွဲငွေ၊ ဆိုင်းငံ့ကာလ စသည့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို Softwares အသုံးပြုခြင်း၊ Digital နည်းပညာများသုံးစွဲ၍ ပြောင်းလဲဆောင်ရွက်သွားရန်လိုအပ်ပါတယ်။ Wave Money နှင့် ပူးပေါင်း၍ ချေးငွေထုတ်ချေးခြင်း၊ ပြန်ဆပ်ခြင်းများအတွက် Pilot အနေဖြင့် ပြည်နယ်နှင့် တိုင်းအားလုံးမှာ တစ်ရွာစီဆောင်ရွက်ရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ကျေးရွာသုံးရွာမှာ စတင်ဆောင်ရွက်လျက်ရှိပါတယ်။

မြစိမ်းရောင်စီမံကိန်း အောင်မြင်ရန်အတွက် အမှားများကို သိအောင်လုပ်၊ အမှားကို လက်ခံ၊ ပြင်ဆင်ရန်များကို ပြင်ဆင်၊ ခေတ်နဲ့အညီ တိုးတက်ကောင်းမွန်အောင်လုပ်ရန် စီမံချက်များရေးဆွဲပြီး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ရည်ညွှန်းကိုးကားချက်။ SPPRG ၏ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေး မြစိမ်းရောင်စီမံကိန်းစစ်တမ်း (၂၀၁၅)**

**Centre for Good Governance အဖွဲ့၏ မြစိမ်းရောင်စီမံကိန်းကို မြန်ဆန်စွာ ပြန်လည်ဆန်းစစ်ခြင်းစစ်တမ်း (၂၀၁၉)**

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချပေးလျက်ရှိ

*(ယမန်နေ့မှအဆက်)*

### ရှမ်းပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၇ | KS(003) | ၁၄၄၉ | ၁၃၇၉ | ၁၃၈၆ | နောင်ဖော့ကျေးရွာအုပ်စု၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| ၈ | KS(007) | ၁၄၃၄ | ၁၃၄၉ | ၁၃၅၆ | သာမိုင်ခန့်ကျေးရွာ၊အောင်ပန်း ကလောမြို့၊ရှမ်းပြည်နယ်တောင်ပိုင်း။ |
| ၉ | KS(018) | ၁၄၃၄ | ၁၃၄၉ | ၁၃၅၆ | အော်ယော်ရပ်ကွက်၊ ပင်းတယမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| ၁၀ | OK Energy (Heho) | ၁၄၅၇ | ၁၃၇၅ | ၁၃၈၁ | တောင်ကြီး-ကလော ပြည်ထောင်စုလမ်းမကြီးဘေး |
| ၁၁ | Asia Energy (မူဆယ်) | ၁၄၉၇ | ၁၄၁၅ | ၁၄၂၁ | တိုးဂိတ်အနီး ၁၀၅ မိုင်ဆီဆိုင်တန်း၊ မိုင်းယုကျေးရွာ |
| ၁၂ | Denko ( တောင်လေးလုံး ) | ၁၄၆၂ | ၁၃၇၅ | ၁၃၈၁ | အမှတ် (၁၇/၁၁)၊ တောင်ကြီး-မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီး၊ တောင်လေးလုံးကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ |
| ၁၃ | Denko ( အောင်ပန်း ) | ၁၄၆၂ | ၁၃၈၅ | ၁၃၉၁ | တောင်ကြီး-မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီး ဂေါ်ရခါးရွာအနောက်ကွင်း လွယ်အံကျေးရွာအုပ်စု ကလောမြို့နယ်။ |
| ၁၄ | Lucky7 | ၁၄၁၂ | ၁၃၇၄ | ၁၃၈၁ | မိတ္ထီလာ- တောင်ကြီးအဝေးပြေးလမ်းမကြီး |
| ၁၅ | Lucky7 | ၁၄၁၂ | ၁၃၇၄ | ၁၃၈၁ | ကလော-တောင်ကြီး အဝေးပြေးလမ်း၊ တောင်လေးလုံး |
| ၁၆ | BOC (ရွာငံ) | | ၁၃၇၄ | ၁၃၈၁ | ရွာငံ - အောင်ပန်း လမ်းမကြီး၊ ရွာငံမြို့။ |

### ကရင်ပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Denko ( ဘားအံ ၁ ) | ၁၄၄၇ | ၁၃၇၀ | ၁၃၇၆ | အမှတ် ဝ၈၅၉ အမှတ် (၉)ရပ်ကွက် ရေကျော်ကျေးရွာ ဘားအံမြို့နယ် ကရင်ပြည်နယ်။ (မြဝတီ-ဘားအံ လမ်းမကြီး၊ လှိုင်းဘွဲလမ်းဆုံအနီး) |

### တိုင်းဒေသကြီး /ပြည်နယ်များတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တစ်လီတာဈေးနှုန်း | | | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၁၃၆၂ | ၁၃၃၄ | ၁၃၄၁ | ၆၆ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၁၄၀၇ | ၁၃၆၉ | ၁၃၇၆ | ၆၀ |
| ၃ | နေပြည်တော် | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | ၇ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၆၂ | ၁၃၇၀ | ၁၃၇၆ | ၈ |
| ၅ | ဧရာဝတီတိုင်းဒေသကြီး | ၁၃၈၂ | ၁၃၅၄ | ၁၃၆၁ | ၁၉ |
| ၆ | ပဲခူးတိုင်းဒေသကြီး | ၁၃၇၇ | ၁၃၄၉ | ၁၃၅၆ | ၂၂ |
| ၇ | မကွေးတိုင်းဒေသကြီး | ၁၄၀၂ | ၁၃၆၉ | ၁၃၇၆ | ၈ |
| ၈ | မွန်ပြည်နယ် | ၁၃၉၇ | ၁၃၆၉ | ၁၃၇၆ | ၁၄ |
| ၉ | ကရင်ပြည်နယ် | ၁၄၄၇ | ၁၃၇၀ | ၁၃၇၆ | ၁ |
| ၁၀ | ရခိုင်ပြည်နယ် | ၁၄၅၇ | ၁၄၂၉ | ၁၄၃၆ | ၆ |
| ၁၁ | ရှမ်းပြည်နယ် | ၁၄၁၂ | ၁၃၇၄ | ၁၃၈၁ | ၁၆ |
| စုစုပေါင်း | | | | | ၂၂၇ |

## မြိတ်- ရန်ကုန်ခရီးသည်တင်ယာဉ်များ ပြန်လည်ပြေးဆွဲခွင့်ပြုသော်လည်း လမ်းခရီးညအိပ်ရ၍ အခက်ကြုံ

**မြိတ် နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် သုံးလကျော် ရပ်နားထားသည့် မြိတ်-ရန်ကုန် ခရီးသည်တင် အဝေးပြေးယာဉ်လိုင်းများကို နိုဝင်ဘာ ၁၅ ရက်မှ စတင်ကာ ခရီးသည်တစ်ဝက်သာ တင်ဆောင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ပြေးဆွဲခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မြိတ်မြို့နယ်ပုဂ္ဂလိကယာဉ်များပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မြိတ်မြို့မှ အဝေးပြေးယာဉ်လိုင်းများ။

မြန်မာနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့် ကာလတွင် ရောဂါထိန်းချုပ်၊ ကာကွယ်နိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ တိုင်းကျော်ပြေးဆွဲနေသော ခရီးသည်တင် အဝေးပြေး ယာဉ်လိုင်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က သုံးလကျော်ကြာ ပြေးဆွဲခွင့် ယာယီပိတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့က နိုဝင်ဘာ ၁၅ ရက်မှာ ယာဉ်လိုင်းတွေကို ပြန်လည်ပြေးဆွဲဖို့ ညွှန်ကြားလာပါတယ်။ ပြီးရင် မူလစည်းကမ်းချက် ၁၈ ချက်နဲ့အညီ ၅၀ ရာခိုင်နှုန်း (ခရီးသည်တစ်ဝက်နှုန်း)နဲ့ ပြေးဆွဲရမယ်။ ဒီညွှန်ကြားချက်နဲ့အညီ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ကော့သောင်း အခြေစိုက် ယာဉ်အသင်းတွေကို လိုက်နာရမယ့် စည်းကမ်းချက်တွေ ထုတ်ပေးလိုက်ပါတယ်။ ရောဂါဖြစ်ပွားမှု ကျဆင်းသွားပြီဖြစ်တဲ့အတွက် ဒေသခံနဲ့ အနယ်နယ်အရပ်ရပ်က ခရီးသွားပြည်သူတွေသွားရေးလာရေး အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ခွင့်ပြုတာ ဖြစ်ပါတယ်" ဟု မြိတ်မြို့နယ် ပုဂ္ဂလိကယာဉ်များပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ အတွင်းရေးမှူး ဦးမိုးကျော်သူက ပြောသည်။

အဝေးပြေး ခရီးသည်တင် ယာဉ်လိုင်းများကို ပြန်လည်ပြေးဆွဲခွင့်ပြုသော်လည်း တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဒေသန္တရ ညမထွက်ရ အချိန်ကန့်သတ်ထားခြင်းကြောင့် ညပိုင်းအချိန်တွင် ဖြတ်သန်းသွားလာခွင့်မပြုသည့်အတွက် လမ်းခရီးတွင်ညအိပ်ရပြီး အခက်အခဲရှိနေကြောင်း ခရီးသည်တင် ယာဉ်မောင်းသူအချို့ထံမှ သိရသည်။

"လက်ရှိ ယာဉ်စီးခကတော့ မြိတ်- ရန်ကုန်ကို ခရီးသည်တစ်ဦးငွေကျပ် ၅၀၀၀၀ ၊ မြိတ် - ထားဝယ်ကို ငွေကျပ် ၃၀၀၀၀ နဲ့ ပြေးဆွဲပေးနေပါတယ်။ နဂိုမူလကတည်းက ကုန်ကားနဲ့ မှန်လုံကားတွေနဲ့ ပြေးဆွဲပေးပါတယ်။ အခုလက်ရှိပြေးဆွဲပေးနေတာက ငယ်လိုင်း ၃၅ လိုင်းနဲ့၊ ကားကြီးလိုင်း ၁၅ လိုင်းနဲ့ ပြေးဆွဲပေးနေပါတယ်။ တိုင်းဒေသကြီးအစိုးရ ညွှန်ကြားချက်နဲ့အညီ ခရီးသည်ဦးရေ ၅၀ ရာခိုင်နှုန်း(တစ်ဝက်)နဲ့ ပြေးဆွဲရပါတယ်။ ဂိတ်တွေမှာ ကိုဗစ် ရှိ မရှိ မစစ်ဆေးဘဲ သွားလာရမယ်ဆိုရင် ခရီးသွားတွေ ပိုများလာနိုင်ပါတယ်။ ဒါကြောင့် ယာဉ်လိုင်းတွေက တောင်းဆိုနေကြပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အချိန်ကန့်သတ်ချက်များရှိနေသည့်အတွက် ခရီးသည်တင် အဝေးပြေးယာဉ်လိုင်းများအနေဖြင့် အချိန်မီပြေးဆွဲနေရပြီး လမ်းခရီးတွင် ခရီးသည်များဖြင့် ညအိပ်ရပ်နားနေရသောကြောင့် အချိန်ကြန့်ကြာခြင်း၊ ငွေကြေးကုန်ကျမှု ပိုများခြင်း စသည့် အဆင်မပြေမှုများနှင့်ကြုံတွေ့နေရကြောင်း သိရသည်။

မိုးကောင်ကင်ကားဂိတ်မှ တာဝန်ခံ ကိုသိန်းဝင်းက "နိုဝင်ဘာ ၁၅ ရက်ထုတ်တဲ့စာအရ ယာဉ်လိုင်းတစ်ခုကို ခရီးသည်တစ်ဝက်နဲ့ ကိုဗစ် စည်းကမ်းချက်နဲ့အညီပြေးဆွဲဖို့ ညွှန်ကြားထားတာ ရှိပါတယ်။ ယာဉ်စီးခကတော့ စာမထုတ်သေးပါဘူး။ ခရီးသည်ကိုတော့ လက်ရှိမှာ နှစ်ခုံတစ်ယောက်နှုန်း ရောင်းပေးနေတယ်။ ကျွန်တော်ဖြစ်စေချင်တာကတော့ ကာကွယ်ဆေးမထိုးရသေးတဲ့သူဆိုရင်လည်း နှာခေါင်းတို့ဖတ် ဆေးလက်မှတ်မယူဘဲ ပေးဖြတ်စေချင်ပါတယ်။ တရားဝင်စာထုတ်ပေးရင် ကောင်းပါတယ်။ အခု လက်ရှိမှာတော့ ကာကွယ်ဆေးမထိုးဘဲနဲ့ ပေးဖြတ်ပါလို့ ညွှန်ကြားထားတာမရှိပါဘူး။ စာထုတ်ပေးထားရင်တော့ ပိုအဆင်ပြေတာပေါ့။ လမ်းမှာ ည ၈ နာရီ ကျော်ရင် ပေးမဖြတ်ဘူးဆိုတော့ အချိန်ကြန့်ကြာမှုတော့ ရှိပါတယ်" ဟု ပြောသည်။

လက်ရှိအချိန်တွင် မြိတ်မြို့နယ် ပုဂ္ဂလိကယာဉ်များပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ကြီးကြပ်ကာ မြိတ်- ရန်ကုန် ခရီးသည်တင် အဝေးပြေးယာဉ်လိုင်းများကို ခရီးသည်တစ်ဝက်သာ တင်ဆောင်၍ ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# ကိုဗစ် – ၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအတွက် ချေးငွေလျှောက်ထားမည့်ရက် တိုးမြှင့်ပေး

နေပြည်တော် နိုဝင်ဘာ ၁၇ – ကိုဗစ်–၁၉ကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်–၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးရေးအတွက် လျှောက်လွှာများကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ လက်ခံမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားရှိရာ အဆိုပါချေးငွေလျှောက်လွှာများကို ဒီဇင်ဘာ ၃ ရက်အထိ အစိုးရရုံးပိတ်ရက်များတွင် ရုံးချိန်အတွင်း ဆက်လက် လက်ခံခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

သတင်းစဉ်

# ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၇–၁၁–၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 2 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 3 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 4 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma–waddy |
| 5 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 6 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 7 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 8 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 9 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 10 | Injection – Ceftriazone 1G | 1's | 700 | KCL |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ – ၁၁ – ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၈၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၈၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၀၅/၁၃၄၅ ကျပ် | ၁၃၃၀/၁၃၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၁၅/၁၃၆၅ ကျပ် | ၁၃၄၅/၁၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၅၀/၁၃၈၅ ကျပ် | ၁၄၀၀/၁၄၅၇ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၀၀/၁၄၃၅ ကျပ် | ၁၅၁၀/၁၅၄၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၁ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၅ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၁၆၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၁ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၄၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၇ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၂၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၂ | ၁၇၄၀၀ |
| MTSH | ၃၃၀၀ | ၃၂၀၀ | ၇၄၆ | ၂၃၉၁၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂၀ | ၁၆၀၀၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၆ | ၁၂၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၀ | ၈၂၅၀၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၂၁ | ၅၉၈၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀၀ | ၅၀၀၀၀၀ |

ညီညီ – စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈–၁၁–၂၀၂၁ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တသုတ်၊ရတနသုတ်၊တောရွှံ့သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၂၅ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ ဟောကြားတော်မူအပ်သော 'သာမညဖလသုတ္တန်' တရားတော်
- ၀၈:၃၅ သီတဂူဆရာတော်ဘုရားကြီး၏ 'သာမညဖလသုတ္တန်' တရားတော်
- ၀၉:၁၅ နဝင်္ဂဥပေါ်သထသီလ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၁၅ 'ဆီစိမ်းဖြိုင်ဖြိုင်လတန်ဆောင်တိုင်'
- ၁၂:၃၀ 'ဘဝမြင့်သွားရခြင်း' တရားတော်
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
- ၁၆:၃၅ Soccer View
- ၁၇:၀၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၁၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဖယာမျက်နှာဖုံး' (အပိုင်း–၁၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြ မြန်မာတေးအလှ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း–၃၀)
- ၂၂:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ဗိုဒ္ဓိရာ (သီလ)'

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV Online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- 07:01 News
- 07:26 Welcome to the Southern most part of Myanmar
- 07:37 Come Beat Eggs For Fun & Reward
- 08:01 Discovering Tribes: Tai Khun (or) Gon: their life and customs (Part 1)
- 08:18 Dances of Myanmar: Kayah Traditional Flag Post Festival
- 08:24 Magnificent Festival in Tazaungmone
- 09:01 Shrinking Footprints
- 09:27 Inlay Traditional Lotus Fabric
- 09:39 Myanmar Invites You
- 09:55 Tazaungdaing Festival
- 10:00 Myanmar Traditional Art Bronze Casting
- 10:06 A Visit to Inn Ne Village
- 10:34 Products of Myanmar - Stone Of The Heavens

**MRTV NRC**

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** ဆီမီးရောင်ပြာရွှေလသာ(ဇာတ်လမ်း)
- **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** တိမ်ပင်လယ်သို့ခရီးဆန့်ခြင်း
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** မြန်မာ့လက်မှုပညာပုသိမ်ထီးလုပ်ငန်း
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ရောင်စုံမီးကြာခွက်လေးများ
- **ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)** နွေးထွေးသည့်လုပ်တန်းရွာသို့ အလည်တစ်ခေါက်(အပိုင်း–၂)
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း–၁)
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ထိန်းသိမ်းစို့လေရိုးရာအမွေ(ရထားဆွဲပွဲ) (အပိုင်း–၁)
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** တောင်ပေါ်မြေကပွဲတော်ည
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** လှိုင်ဖမ့်မြို့သို့အလည်တစ်ခေါက်
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ကချင်အမျိုးသားဖက်ရှင်

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း–၃)
- ၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ယုန်ကမတိုးပိုက်ကတိုး'
- ၁၁:၃၀ အတွေးအမြင် (အပိုင်း–၃)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel တို့ နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel တို့ နေ့တဓုဝ်နေ့မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဆက်လက် တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နိုဝင်ဘာ ၁၈ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းလွန်-တမီးလ်နာဒူးမြောက်ပိုင်း ကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နောက် ၄၈ နာရီအတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး YMBA က အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) သည် ၁၉၀၆ ခုနှစ်ကစ၍ "အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာ" လုပ်ငန်းစဉ်များကို လွတ်လပ်ရေးရရှိသည်အထိ ဆောင်ရွက်ခဲ့သော မြန်မာ့လွတ်လပ်ရေးရှေ့ဆောင် သမိုင်းဝင်အသင်းကြီး ဖြစ်ပါသည်။

ယခုအချိန်အခါတွင် နိုင်ငံရေးကို အကြောင်းပြု၍ ရဟန်းသံဃာတော်အရှင်သူမြတ်များ၊ ပညာသင်ကြားပေးနေသော အနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၊ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများ၊ ကလေးသူငယ် ကျောင်းသား ကျောင်းသူများအား အကြမ်းဖက်အဖွဲ့အစည်းများက နေရာအနှံ့တွင် လုပ်ကြံသတ်ဖြတ်နေခြင်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) က ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကန့်ကွက်ကြောင်း ကြေညာချက် ထုတ်ပြန်အပ်ပါသည်။

အမှုဆောင်အဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး YMBA

○ ကျောဖုံးမှ

အဆိုပါ ပြိုင်ပွဲနှစ်မျိုးကို ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် ကနူးကယက် အဖွဲ့အနေဖြင့် တရုတ်နိုင်ငံတွင် စတင်လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာလှေအဖွဲ့မှာ ရန်ကုန်မြို့ အင်းယားကန်တွင် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ကနူးကယက် အားကစားနည်းတွင် အမျိုးသားပြိုင်ပွဲ ခုနစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲ ၁၂ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် မီတာ ၁၀၀၀ ပြိုင်ပွဲ ငါးမျိုးနှင့် မီတာ ၅၀၀ ပြိုင်ပွဲနှစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲတွင် မီတာ ၁၀၀၀ ပြိုင်ပွဲ ငါးမျိုး၊ မီတာ ၅၀၀ ပြိုင်ပွဲငါးမျိုးနှင့် မီတာ ၂၀၀ ပြိုင်ပွဲနှစ်မျိုး ပါဝင်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လှေအားကစားနည်းတွင်မူ အမျိုးသားပြိုင်ပွဲ ရှစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲ ရှစ်မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲမှ ရွှေတံဆိပ် ၁၆ ခု၊ ကနူးကယက်လှေပြိုင်ပွဲမှ ရွှေတံဆိပ် ၁၉ ခု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲ နှစ်မျိုးအတွက် ပဏာမကစားသမား ၃၀ ကျော် ရွေးချယ်လေ့ကျင့် ပြင်ဆင်နေပြီဖြစ်ပြီး ရိုးရာလှေအားကစားနည်း ပါဝင်လာခြင်းမရှိကြောင်း သိရသည်။

အာကာစိုး

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၁၆ ဦးနှင့် အမျိုးသမီး ၁၀၃ ဦး စုစုပေါင်း ၂၁၉ဦးတို့ကိုလက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီ၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီ ကုန်သွယ်ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေလေးစီးဖြင့် အောက်ဆီဂျင်(အရည်)Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ PPE ဝတ်စုံ ၄၄၀ နှင့် နှာခေါင်းစည်း (Mask) ၁၄ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်)Bowser ယာဉ်တစ်စီးမှာ မြဝတီစခန်းမှ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက် များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားကြောင်း သိရသည်။

သတင်းစဉ်



## နော်ဝေကို အနိုင်ယူပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ခဲ့ပြီဖြစ်သည့် နယ်သာလန်အသင်း

ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အုပ်စု (G) မှ နယ်သာလန်အသင်းနှင့် နော်ဝေအသင်းတို့ ပွဲစဉ်ကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက နယ်သာလန်အိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ နယ်သာလန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲသို့ တိုက်ရိုက်အောင်မြင်ခဲ့ပြီ ဖြစ်သည်။ နယ်သာလန်အသင်းအတွက် သွင်းဂိုးများကို ဘာ့ဂဝင့်နှင့် ဒီပေးတို့က သွင်းယူပေးခဲ့သည်။

နယ်သာလန်အသင်းသည် ယခုနိုင်ပွဲကြောင့် အုပ်စုဒုတိယနေရာမှ တူရကီအသင်းထက် နှစ်မှတ်အသာဖြင့် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် နယ်သာလန်အသင်းသည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့် မရရှိခဲ့သော်လည်း လာမည့်နှစ်တွင် ကျင်းပမည့် ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပြီ ဖြစ်သည်။ ပြိုင်ဘက် နော်ဝေအသင်းသည် ယခုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သောကြောင့် ရမှတ် ၁၈ မှတ်ဖြင့် အုပ်စုတတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့ကာ Play Offs ကစားပြီး ခြေစစ်ပွဲအောင်နိုင်မည့် အခွင့်အရေးနှင့်လည်း လွဲချော်ခဲ့ရသည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ နယ်သာလန်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် ဒန်ဂျူမာ၏ ဖန်တီးမှုမှ ဘာ့ဂဝင့်က သွင်းယူပေးပြီး ဒုတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ဘာ့ဂဝင့်၏ ဖန်တီးမှုမှ တစ်ဆင့်ဒီပေးက သွင်းယူပေးနိုင်ခဲ့သည်။

အခြားသော ကမ္ဘာ့ဖလားခြေစစ်ပွဲရလဒ်များတွင် ယူကရိန်းက ဘော့စနီးယားကို နှစ်ဂိုး-ဂိုးမရှိ၊ ပြင်သစ်က ဖင်လန်ကို နှစ်ဂိုး- ဂိုးမရှိ၊ ချက်က အက်စတိုးနီးယားကို နှစ်ဂိုး-ဂိုးမရှိ၊ လတ်ဗီးယားက ဂျီဘရော်လ်တာကို သုံးဂိုး-တစ်ဂိုး၊ တူရကီက မွန်တီနီဂရိုးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဝေးလ်နှင့် ဘယ်လ်ဂျီယံအသင်းတို့ ပွဲစဉ်တွင် တစ်ဂိုးစီ သရေကျခဲ့သည်။

အောင်ဇော်

# သာယာဝတီမြို့နယ် ကြွေပြားထုတ်စက်ရုံကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်စစ်ဆေး

**သာယာဝတီ နိုဝင်ဘာ ၁၇**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ နိုဝင်ဘာ ၁၅ ရက်က သာယာဝတီမြို့နယ်နှင့် လက်ပံတန်းမြို့နယ်အတွင်း စက်မှုကုန်ထုတ်လုပ်ငန်း၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သာယာဝတီမြို့နယ်၊ အင်းရွာရှိ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃၄)အကြီးစားစက်ရုံဝင်း အတွင်း ကြွေပြားထုတ်စက်ရုံသို့ သွားရောက်ရာ စက်ရုံမှူး ဦးအောင်သိန်းမြင့်နှင့် ထုတ်လုပ်ရေးမန်နေဂျာ ဦးစိုးမင်းသန်းတို့က ကြွေပြားထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်တွင်းဈေးကွက် ခိုင်မာစွာရရှိစေရေး၊ ထုတ်ကုန်များကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရေးနှင့် သွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်တစ်ခုအဖြစ် ရေရှည်ရပ်တည်နိုင်ရေးအတွက် အရည်အသွေးကို အဓိကထား ထုတ်လုပ်သွားရန် မှာကြားသည်။


တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေဆီလွှာများ ဓာတ်ခွဲစမ်းသပ်နိုင်ရေး၊ သဘာဝမြေသြဇာအသုံးပြုနိုင်ရေး၊ နွေစပါးစိုက်ပျိုးရေးအတွက် လိုအပ်သော ရေထိန်းတံခါးနှစ်ခု တည်ဆောက်ရေးနှင့် ကျေးလက်လမ်းများ ဖောက်လုပ်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၃၉)မိုင်အနီး ဘောနတ်ကြီး- ဘုရားကြီးသွားလမ်းပေါ်၌ လုံခြုံရေးနှင့် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

**တင်စိုး(ပဲခူး)**

## မကွေးတိုင်းဒေသကြီး၌ လည်ပတ်နေသည့် အောက်ဆီဂျင်စက်ရုံ ၁၆ ရုံနှင့် တည်ဆောက်ဆဲ ငါးရုံရှိ

**မကွေး နိုဝင်ဘာ ၁၇**
မကွေးတိုင်းဒေသကြီး အတွင်း အောက်ဆီဂျင်စက်ရုံ ၂၁ ရုံ တည်ဆောက်ရန် စီစဉ်ခဲ့သည့်အနက် စက်ရုံ ၁၆ ရုံမှာ စတင်လည်ပတ်နေပြီး စက်ရုံငါးရုံမှာ တည်ဆောက်ဆဲဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ပြောကြားသည်။



ကိုဗစ်-၁၉ တတိယအကျော့တွင် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ကူညီခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများအား ဂုဏ်ပြုပွဲကို မကွေးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်ရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံ တက်ကြွစွာ ဆောင်ရွက်ခဲ့ကြသော ကျန်းမာရေးဝန်ထမ်းများ၊ အခြားဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ စေတနာကို အသိအမှတ်ပြု တုံ့ပြန်သည့်အနေဖြင့် ယခုလို ဂုဏ်ပြုပွဲ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ယခုအခါ ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ နှစ်ရာခိုင်နှုန်းအောက်လျော့နည်းကျဆင်းလာပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ တတိယ အကျော့ကာလအတွင်း ပြည်သူများ အောက်ဆီဂျင် လုံလောက်မှု မရှိသည့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သဖြင့် အောက်ဆီဂျင် လုံလောက်မှု ရှိစေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း အောက်ဆီဂျင်စက်ရုံ ၂၁ ရုံ တည်ဆောက်ရန် စီစဉ်ခဲ့ရာ စက်ရုံ ၁၆ ရုံမှာ စတင်လည်ပတ်နေပြီး စက်ရုံငါးရုံမှာ တည်ဆောက်ဆဲဖြစ်ကြောင်း၊ စက်ရုံများအားလုံး လည်ပတ်နိုင်ပါက ပြည်သူများ အောက်ဆီဂျင် လိုအပ်ချက်မရှိစေရေး အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မည့်အပြင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင် အိုးအလုံး ၂၀၀၀ ကိုလည်း ဝယ်ယူဖြည့်ဆည်းပေးခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် နှာခေါင်းစည်းဘူး တစ်သိန်း (အခုရေ ငါးသန်း) ကိုလည်း ပြည်သူများထံ ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ကိုဗစ်- ၁၉ တတိယ အကျော့တွင် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ကူညီခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားဆေးဝန်ထမ်းများနှင့်တပ်မတော်သားများ၊ ခရိုင် ကိုဗစ်-၁၉ ကော်မတီများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းများမှ တာဝန်ရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**ကိုစည်သူ (မကွေး)**



အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

## ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်စွမ်းရှိသော ရပ်ရွာလူထုဖြစ်ပေါ်စေရေး စီမံချက်ရှင်းလင်းဆွေးနွေး

**သီပေါ နိုဝင်ဘာ ၁၇**
မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်စွမ်းရှိသော ရပ်ရွာလူထုဖြစ်ပေါ်လာစေရန် တည်ဆောက်ခြင်းစီမံချက် ရှင်းလင်းပွဲကို သီပေါမြို့နယ် မိုင်းခေးကျေးရွာ၌ နိုဝင်ဘာ ၁၆ ရက်က ပြုလုပ်ရာ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွှန့်လူက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်စွမ်းရှိသော ရပ်ရွာလူထုဖြစ်ပေါ်လာစေရန် စီမံချက်အကြောင်းကို ရှင်းလင်းပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစိုင်းထွန်းဝင်းက ရှမ်းဘာသာစကားဖြင့် ပြန်လည်ရှင်းပြ၍ ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊
(၂) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(၃) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၄) ဝက်များကို စားသောက်ဆိုင်နှင့်အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
(၅) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက်ထိန်းချုပ်ရန်၊
(၆) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၇) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၈) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၉) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၁၀) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(၁၂) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၃) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် ကုမ္ပဏီ/ လုပ်ငန်း ၁၁၄ ခုသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် ( ၅/ ၂၀၂၁)**
**၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၁) ဆုံးဖြတ်ချက်အရ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ချေးငွေထုတ်ပေးရန် လျှောက်ထားလာသည့် ကုမ္ပဏီ/ လုပ်ငန်းများအနက် ပူးတွဲစာရင်းပါ ကုမ္ပဏီ/ လုပ်ငန်း (၁၁၄) ခုသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူခွင့်ပြုလိုက်သည်။

၂။ ချေးငွေလျှောက်လွှာများကို ဆက်လက် စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်းနှင့် ချေးငွေထုတ်ယူခွင့်ရရှိသူများအနေဖြင့် ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခု၌ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများ ထုတ်ပေးမည် မဟုတ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ**

*ယမန်နေ့မှအဆက်*

**တတိယအကြိမ် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေ ခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း**

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၆၀ | "အောင်"<br>(မွေးမြူရေးလုပ်ငန်း) | အမှတ် (၁၇)၊ ပြည်လမ်း၊ အိုးတန်းရပ်ကွက်၊<br>တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၁ | ဦးတင်မောင်ဇော်<br>(ပုစွန်မွေးမြူရေးလုပ်ငန်း) | ချောင်းဝကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊<br>ဧရာဝတီတိုင်းဒေသကြီး |
| ၆၂ | New Green World Co., Ltd. | စတားစီးတီးအိမ်ရာ၊ ဘီ-၂၊ အခန်းအမှတ် (၄၀၆)၊<br>သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၃ | ဒေါ်ဇာလဲ့ရည်<br>(မွေးမြူရေးလုပ်ငန်း) | အမှတ် (၈၀)၊ နတ်မောက်လမ်း၊ ပန်းဘဲတန်းရပ်ကွက်၊<br>ဟသ်ာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၄ | ဦးစံသိန်း (ငါးမွေးမြူရေးလုပ်ငန်း) | ဝါတော်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၅ | ဦးမောင်လွင်<br>(ငါးမွေးမြူရေးလုပ်ငန်း) | ထောင်းမင်းကျေးရွာ၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၆၆ | ဦးစိန်ဝင်း (ငါးမွေးမြူရေးလုပ်ငန်း) | ထနီးကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၇ | ဦးတင်ဦး (ငါးမွေးမြူရေးလုပ်ငန်း) | ထနီးကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၈ | ဦးစိုးလွင်ကျော်<br>(မွေးမြူရေးလုပ်ငန်း) | အမှတ် (၇၉)၊ နတ်မောက်လမ်း၊ ပန်းဘဲတန်းရပ်ကွက်၊<br>ဟသ်ာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၉ | ဒေါ်ဖျင့်ဆိုင်း (ဥစားကြက်နှင့်<br>ငါးမွေးမြူရေးလုပ်ငန်း) | ဗိုလ်ဒေါနကုန်းကျေးရွာအုပ်စု၊ သရက်ညိုပင်လမ်း၊<br>ရေသိုးကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၇၀ | ဦးသန်းငွေ<br>(ငါးမွေးမြူရေးလုပ်ငန်း) | အမှတ် (၅၁)၊ ဘုရားကြီးပိုင် (၁) လမ်း၊ သနပ်ပင်မြို့နယ်၊<br>ပဲခူးတိုင်းဒေသကြီး |
| ၇၁ | ဒေါ်ကြည်ငွေ<br>(ဥစားကြက် မွေးမြူရေးလုပ်ငန်း) | မြို့ဟောင်းရပ်ကွက်၊ အောင်ပန်း၊ ကလောမြို့နယ်၊<br>ရှမ်းပြည်နယ် |
| ၇၂ | ဦးရာဇာရှိန်း<br>(ဒေသနွားမွေးမြူရေးလုပ်ငန်း) | ညောင်ပင်ထောင်ရပ်ကွက်၊ အောင်ပန်း၊ ကလောမြို့နယ်၊<br>ရှမ်းပြည်နယ် |
| ၇၃ | ဒေါ်မြဆွေ<br>(ကြက်မွေးမြူရေးလုပ်ငန်း) | သနပ်ပြင်ကျေးရွာ၊ လှည်းကူးမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး |
| ၇၄ | ဦးကျော်မျိုးသူ<br>(ကြက်မွေးမြူရေးလုပ်ငန်း) | ညောင်ပင်သာကျေးရွာ၊ ရင်တိုက်ကုန်းအုပ်စု၊<br>ကွင်းမြောက်ရပ်ကွက်၊ ကျောက်တံခါးမြို့နယ်၊<br>ပဲခူးတိုင်းဒေသကြီး |
| ၇၅ | ဒေါ်ဝေမာနှင်း<br>(ကြက်မွေးမြူရေး) | ကျိုက်ပေါကျေးရွာအုပ်စု၊ ရှမ်းစုကြီးကုန်းကျေးရွာ၊<br>ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၇၆ | ဦးသောင်းမြင့်ဦး<br>(ဘဲမွေးမြူရေးလုပ်ငန်း) | ဒမင်ဆိပ်ကြီးကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၇၇ | ဦးစောကျော့ခိုင်<br>(ငါးမွေးမြူရေးလုပ်ငန်း) | ထရော်နောင်ဝိုင်းကြီးကျေးရွာ၊ မအူပင်မြို့နယ်၊<br>ဧရာဝတီတိုင်းဒေသကြီး |
| ၇၈ | ဦးမြင့်စိုး<br>(ငါးမွေးမြူရေး) | မိုးကုတ်ကျေးရွာ၊ ပန်းတနော်မြို့နယ်၊<br>ဧရာဝတီတိုင်းဒေသကြီး |
| ၇၉ | ဦးအောင်သန်းဇော်<br>(ငါးမွေးမြူရေးလုပ်ငန်း) | ပေါက်ပင်ကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈၀ | ဦးဇော်မင်း<br>(ဝက်မွေးမြူရေးလုပ်ငန်း) | ဘောက်သပြေကန်ကျေးရွာ၊ သန်လျင်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး |
| ၈၁ | ဦးကံမြင့် (အသားတိုးကြက်<br>မွေးမြူရေးနှင့် ဥစားဘဲ မွေးမြူရေး) | ရွှေဘုန်းရှိန်လမ်း၊ ၄ ရပ်ကွက်၊ သဲကုန်း၊<br>ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း |
| ၈၂ | ဦးငွေ<br>(ငါးမွေးမြူရေးလုပ်ငန်း) | ကလေးကျေးရွာ၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၈၃ | ဦးတင်မောင်စိုး<br>(ငါးမွေးမြူရေးလုပ်ငန်း) | ဇရပ်လှကြီးကျေးရွာ၊ ပန်းတနော်မြို့နယ်၊<br>ဧရာဝတီတိုင်းဒေသကြီး |
| ၈၄ | ဦးတင့်လွင်<br>(ငါးမွေးမြူရေး) | မိုးကောင်းကျေးရွာ၊ ကြုံတုန်းကြီးကျေးရွာအုပ်စု၊<br>ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၈၅ | ဦးမြင့်နိုင်ဦး (ငါးမွေးမြူရေးလုပ်ငန်း) | ညောင်ပင်ကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၈၆ | ဦးပန်းလှိုင်<br>(နွားမွေးမြူရေးခြံ) | အမှတ် (၃) ဝါဆိုရပ်ကွက်၊ ဖအောင်ဝဲလမ်း၊ ဒိုက်ဦးမြို့၊<br>ပဲခူးတိုင်းဒေသကြီး |
| ၈၇ | ဒေါ်အေးအေးမူ (ကြက်မွေးမြူရေး) | ကိုးမိုင်ကျေးရွာ၊ ရေးမြို့၊ မွန်ပြည်နယ် |
| ၈၈ | Myanmar Livestock Society<br>Developer Co., Ltd. | တိုက်(၃)၊ အခန်း (၂၀၁)၊ ဝေဇယန္တာလမ်း၊<br>သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈၉ | ဦးဇော်မင်း<br>(ကြက်မွေးမြူရေးလုပ်ငန်း) | လသာအေးကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၉၀ | ဦးမြင့်ဦး<br>(ဝက်မွေးမြူရေး) | ဘောက်သပြေကန်ကျေးရွာ၊ သန်လျင်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး |
| ၉၁ | ဦးလှသူ (ငါးမွေးမြူရေး လုပ်ငန်း) | အုတ်ဖိုကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၂ | ဦးမြတ်စိုး<br>(ဝက်မွေးမြူရေးလုပ်ငန်း) | သိန်ကုန်းကျေးရွာ၊ ဥက္ကံကံကုန်းအုပ်စု၊ တိုက်ကြီးမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး |
| ၉၃ | ဒေါ်ခင်ခင်ဦး<br>(ဥစားကြက်မွေးမြူရေး) | မြို့ဟောင်းရပ်ကွက်၊ အောင်ပန်းမြို့နယ်၊ ကလောမြို့၊<br>ရှမ်းပြည်နယ် |
| ၉၄ | ဒေါ်ညိုသွယ်ဦး<br>(ဝက်မွေးမြူရေး) | မြို့ဟောင်းရပ်ကွက်၊ အောင်ပန်းမြို့နယ်၊ ကလောမြို့၊<br>ရှမ်းပြည်နယ် |
| ၉၅ | ဦးဇော်ဝင်း<br>(ဝက်မွေးမြူရေးလုပ်ငန်း) | ထန်းရှစ်ပင်ကျေးရွာ၊ နွားတဲကုန်းအုပ်စု၊ ဇီးကုန်းမြို့၊<br>သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီး |
| ၉၆ | ဦးရှိုင်းမင်းမောင်<br>(ဝက်မွေးမြူရေးလုပ်ငန်း) | ထန်းရှစ်ပင်ကျေးရွာ၊ နွားတဲကုန်းအုပ်စု၊ ဇီးကုန်းမြို့၊<br>သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီး |
| ၉၇ | ဦးဝင်းငွေ (ငါးမွေးမြူရေးလုပ်ငန်း) | ကမာဆဲကျေးရွာ၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၉၈ | ဦးစိန်မင်းသူ (ငါးမွေးမြူရေးလုပ်ငန်း) | ထနီးကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၉ | ဦးနိုင် (ငါးပုစွန် မွေးမြူရေးလုပ်ငန်း) | ရေကျော်ကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၀ | ဦးသက်အောင်<br>(ငါးမွေးမြူရေးလုပ်ငန်း) | ရေတိုးညောင်ဝိုင်းကျေးရွာ၊<br>ရေတိုးညောင်ဝိုင်းကျေးရွာအုပ်စု၊ အိမ်မဲမြို့နယ်၊<br>ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၁ | ဦးသန်းစိုး (ငါးမွေးမြူရေးလုပ်ငန်း) | အုတ်ဖိုကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၂ | ဦးကျော်ဇင်အောင်(ဥစားကြက်နှင့်<br>နွားမွေးမြူရေးလုပ်ငန်း) | နဝင်းလမ်း၊ ဝက်ထီးကန်မြို့၊ ပြည်မြို့နယ်၊<br>ပဲခူးတိုင်းဒေသကြီး |
| ၁၀၃ | ဦးသန်းလွင်<br>(မွေးမြူရေးလုပ်ငန်း) | အကွက်အမှတ် (၃၇၊ ၃၈၊ ၄၀၊ ၄၁)၊ မွေးမြူရေးဇုန်၊<br>ကျောက်မဲမြို့၊ ရှမ်းပြည်နယ် |
| ၁၀၄ | ဒေါ်ခင်ဘုန်းမြင့်<br>(ဘဲမွေးမြူရေးလုပ်ငန်း) | ရွှေတောင်လမ်း၊ မင်းကွက် (၃) ရပ်ကွက်၊ ပေါင်းတည်မြို့၊<br>ပဲခူးတိုင်းဒေသကြီး |
| ၁၀၅ | ဦးထွန်းသိန်း<br>(ကြက်မွေးမြူရေး) | ချမ်းသာကျေးရွာ၊ အရာတော်မြို့နယ်၊<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၆ | ဦးသိန်းထွန်း<br>(ဥစားကြက်မွေးမြူရေး) | ပေါရိသကျေးရွာ၊ တီလောစခန်းကြီးကျေးရွာအုပ်စု၊<br>ညောင်ရွှေမြို့၊ ရှမ်းပြည်နယ် |
| ၁၀၇ | ဒေါ်အုန်းမြင့်<br>(ပုစွန်မွေးမြူရေးလုပ်ငန်း) | မန်ကျီးပင်ကျေးရွာအုပ်စု၊ ငပုတောမြို့နယ်၊<br>ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၈ | ဦးထွန်းထွန်းဝင်း<br>(ငါးပုစွန်မွေးမြူရေး) | ကညင်ချောင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊<br>ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၉ | ဦးမျိုးဇေဇေသိန်း<br>(ရေငန်ပုစွန်မွေးမြူရေး) | ကန်စိတ်ရွာ၊ ချောင်းဝကျေးရွာအုပ်စု၊<br>ဟိုင်းကြီးကျွန်းမြို့နယ်၊ ငပုတောခရိုင်၊<br>ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၀ | မဟာ ဟိန်းထက်ဇော်<br>ကုမ္ပဏီလီမိတက် | ရပ်ကွက်ကြီး (၃)၊ ဟဲဟိုးမြို့၊ ကလောမြို့နယ်၊<br>ရှမ်းပြည်နယ် |
| ၁၁၁ | ဦးညွန့်ဝင်း<br>(မွေးမြူရေး) | အမှတ် (၄၀)၊ နတ်မှော်ကျေးရွာ၊ ပျဉ်ပုံကြီးကျေးရွာအုပ်စု၊<br>ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၁၂ | ဦးခင်မောင်ဝင်း<br>(နွားမွေးမြူရေးလုပ်ငန်း) | နတ်ပေးရွာအုပ်စု၊ ကန့်ဘလူမြို့နယ်၊<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁၃ | မဟာ ဟိန်းဘရားသား ကုမ္ပဏီ<br>လီမိတက် (ကျွဲ၊ နွား မွေးမြူရေး) | ရပ်ကွက်ကြီး (၃)၊ ဟဲဟိုးမြို့၊ ကလောမြို့နယ်၊<br>ရှမ်းပြည်နယ် |
| ၁၁၄ | ဒေါ်သင်းသင်းဝါ (ဝက်မွေးမြူရေး<br>နှင့် ရောင်းဝယ်ရေးလုပ်ငန်း) | မင်ဆဲအုပ်စု၊ ကလိန်အောင်ရပ်ကွက်၊ ပန်းတနော်မြို့နယ်၊<br>ဧရာဝတီတိုင်းဒေသကြီး |

## "ဦးဦးတို့ အငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက်ရှိရာ "ဦးဦးတို့အငြိမ့်" ဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၀ ရက် ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့် ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို လူရွှင်တော် ဒိန်းဒေါင်က စီစဉ်ပြီး ဟာသမင်္ဂလာ ရွှေဆိုင်းတော်အဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး နီနီထက်၊ ရှေ့ထွက် မင်းသမီး ကြာနွယ်၊ လူရွှင်တော်များဖြစ်ကြသည့် ငြိမ်းချမ်း၊ အုန်းသီး၊ မိုးတိမ်၊ ပေါ်ဦး တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်း National News အစီအစဉ် အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







## "မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်"တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

"မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ် (၈) ကို နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို "Golden Star Music Band တေးဂီတအဖွဲ့" ၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် မင်းခန့်ကျော်၊ ဒုံချပ်၊ သွန်းရွှေလျှံ၊ ထက်အာကာကျော်၊ လင်းဝတီသင်း၊ ရဲရင့်ဝေလွင်၊ ခင်လပြည့်ဝန်း၊ မေထူးကျော်၊ ကေရီအောင်၊ ထက်ရတီလွင် တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

အကောက်ခွန်ဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ် အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေး ထုတ်ပေးလျက်ရှိသည်။ ထိုသို့ ထုတ်ပေးရာတွင် နိုဝင်ဘာ ၁၇ ရက်က ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၄ မျိုး စုစုပေါင်း ၅၉၇၁၇ ဒသမ ၇၇၅ Kg၊ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ လေးခုမှ Sodium Chloride Injection ၁၃၃၂၀၀၊ Glucose Injection ၈၈၀၁၄ ခု၊ Diclo Injection ၂၆၀၄၀၊ PAI C Pen (Powder For Injection) ၁၂၀၀၀၊ SAI P Pen (Powder For Injection) ၁၇၈၀၊ Paracetamol Tablet ၁၀၅၀၊ DEXA-2 Injection ၆၄၂၀၀၊ Mask ၁၇၈၄၄ kg ၊ Liquid Oxygen ၁၃၂၃၁ $m^3$ ၊ PPE ၄၄၀ ၊ Gloves ၆ kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် ငွေကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် ငွေကျပ်သိန်း ၅၆၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စွယ်တော် ကားဝင်းရှေ့တွင် ဘိုဘိုဌေး (၃၆) နှစ် မောင်းနှင်သည့် FUSO ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ မော်တော်ယာဉ်အတွင်းမှ ဆပ်ပြာခွက် ၂၂၅၇ ခွက်ဖြင့် ထည့်ထားသော ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၂ ဒသမ ၅၇ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါ ဘိန်းဖြူများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မြဝတီမြို့၊ မိုင်းဆတ်၊ တာချီလိတ်နှင့် မော်လမြိုင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီ မိနစ် ၄၀ တွင် မြဝတီမြို့ အမှတ် (၄) ရပ်ကွက် ဘုရင့်နောင်လမ်းတွင် မင်းထွန်းဦး အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းတွမ်ကျေးရွာအုပ်စု ပါခါးကျေးရွာအနီးရှိ မိုင်းဆတ်-တာချီလိတ်ကားလမ်းတွင် ညီလှိုင် မောင်းနှင်လာသည့် ယာဉ်ကိုစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ ကိုလည်းကောင်း။

ထို့ပြင် ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် စိုင်းလှဝန်း မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် စိုင်းနော်ခမ်း မောင်းနှင်ပြီး စိုင်းဖူး လိုက်ပါလာသည့် မော်တော်ယာဉ်တို့ကို စစ်ဆေးရှာဖွေရာ အိုက်စ် ၂၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက်ရှိ ဟိုတယ်အနီးတွင် စိုင်းလောင်ခေးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ အလားတူ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက် ညနေ ၄ နာရီတွင် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ဖက်ခင်းလမ်းရှိ စားသောက်ဆိုင်တွင် ဝေယံမျိုးလွင်၊ စိုင်းစံမိန်းနှင့် မနန်းလောဝ်အွမ် တို့အား မသင်္ကာဖွယ်တွေ့ရှိသဖြင့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၂၅ ပြားကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကာကွယ်ဆေးထိုးရန် လုံ့ဆော်နေမှုများကြားမှ အမေရိကန်ရှိ အချို့နေရာများတွင် ကိုဗစ်- ၁၉ ကူးစက်မှုများ ပြန်လည်များပြားလာ

ကေကေစိုး

ကူးစက်မှုလျင်မြန်သည့် ဗီဇပြောင်းဒယ်လ်တာဗိုင်းရပ်စ်ကူးစက်မှုများ အမေရိကန်တွင် အနည်းငယ်ငြိမ်သက်သွားပြီးနောက် အချို့သောနေရာများတွင် ကိုဗစ်-၁၉ ကူးစက်မှုများပြန်လည်များပြားလာသည်ဟု အိမ်ဖြူတော် ဆေးဘက်ဆိုင်ရာအကြံပေးအကြီးအကဲဖြစ်သူ အန်သိုနီဖောင်ချီက ပြောသည်။




မင်နီဆိုးတားပြည်နယ် အီဂန်မြို့တွင် ကာကွယ်ဆေးထိုးရန် တန်းစီစောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

### ကူးစက်မှုပြန်လည်များပြားလာ

အမေရိကန်ပြည်ထောင်စုတွင် တစ်ပတ်အတွင်းကူးစက်မှုအသစ် ၈၂၀၀၀ ကျော် တွေ့ရှိပြီးနောက် အန်သိုနီဖောင်ချီက ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကူးစက်မှုပမာဏသည် ယခင် သီတင်းပတ်အတွင်း ကူးစက်မှုနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ၁၁ ရာခိုင်နှုန်း များပြားလာခြင်းဖြစ်သည်။

ယခုနှစ် နွေရာသီအတွင်း ဒယ်လ်တာဗိုင်းရပ်စ် ကူးစက်မှုများပြားခဲ့ကာ ပြီးခဲ့သည့်သီတင်းပတ်အတွင်း တစ်နိုင်ငံလုံးအနှံ့ ကူးစက်မှုနှုန်းမှာ ၅၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သို့သော်လည်း အနောက်အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသတို့တွင် ကူးစက်မှုများမှာမူ ပြန်လည်များပြားလာသည်ကို တွေ့ရသည်။

### ဆေးရုံတက်ရမှုများပြား

ပြီးခဲ့သည့် သီတင်းပတ်အတွင်း အနောက်အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် ၁၉ ရာခိုင်နှုန်းမှ ၃၇ ရာခိုင်နှုန်း ခုန်တက်ခဲ့သည်ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။ တစ်ချိန်တည်းမှာပင် အနောက်အလယ်ပိုင်းတွင် ဆေးရုံတက်ရောက်ကုသရမှုနှုန်းမှာ ၁၁ ရာခိုင်နှုန်းရှိပြီး အရှေ့မြောက်ပိုင်းတွင် ဆေးရုံတက်ကုသရမှုနှုန်းမှာလည်း များပြားသည်။

### ကာကွယ်ဆေးထိုးပြီးသည့်နှုန်း

နိုဝင်ဘာ ၁၆ ရက်တွင် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ)၏ ထုတ်ပြန်ချက်အရ နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးပြီးသူ ၂၂၇၁၃၃၆၁၇ ဦးရှိပြီး အမေရိကန်လူဦးရေ၏ ၆၈ ဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ကာကွယ်ဆေးအပြည့်ထိုးပြီးသူ ၁၉၅၂၇၅၉၀၄ ဦးရှိပြီး ၅၈ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ တတိယအကြိမ်ကာကွယ်ဆေးထိုးပြီးသူမှာ ၁၅ ဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ အမေရိကန်ပြည်ထောင်စုတွင် ကလေးများ ကာကွယ်ဆေးထိုးကြရန် တိုက်တွန်းမှုများပြုလုပ်နေသည်။

### မက်လုံးပေးဆွဲဆောင်

ကလေးများကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလာစေရေးအတွက် ပြည်နယ်အစိုးရများသည် မက်လုံးပေးဆွဲဆောင်မှုများ ပြုလုပ်နေသည်။ ယခုနှစ်အစောပိုင်းက လူငယ်များ ကာကွယ်ဆေးထိုးချင်လာအောင် ဆွဲဆောင်သည့်နည်းလမ်းအတိုင်းပင်ဖြစ်သည်ဟု နယူးယောက်တိုင်းမ်စ်တွင် ဖော်ပြထားသည်။အသက်ငါးနှစ်မှ ၁၁နှစ်အကြားကလေးများကို ဖိုက်ဇာ ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေးရန် စီဒီစီမှ ထောက်ခံချက်ပေးပြီးနောက် အမေရိကန်တွင် ကလေးငယ်တစ်သန်းကျော်နီးပါးမှာ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်သည်။

### ပညာသင်ဆုဖြင့်ကမ်းလှမ်း

ကာကွယ်ဆေးထိုးသည့် ကလေးငယ်များအတွက် ပညာသင်ဆု ကမ်းလှမ်းခြင်းနှင့် ငွေသားပေးခြင်းတို့ဖြင့် ဆွဲဆောင်လျက်ရှိသည်။ သို့သော်လည်း အချို့သောနေရာများတွင် ကလေးများကာကွယ်ဆေးထိုးရန်မှာ စိတ်ဝင်စားမှု နည်းပါးနေသေးသည်။ လူဝီစီးယားနားနှင့် ချီကာဂိုတို့တွင် လက်ဆောင်အဖြစ် ဒေါ်လာ ၁၀၀ တန် လက်ဆောင်ကတ်ပေးသည်။ နယူးယောက်တွင်မူ ဒေါ်လာ ၁၀၀ တန် အကြွေးဝယ်ကတ် ရရှိနိုင်သည်။ ထို့ပြင် အားကစားပြိုင်ပွဲလက်မှတ်များပါ အခမဲ့ရရှိနိုင်သည်။ ဆန်အန်တိုနီယိုတွင် ကာကွယ်ဆေးလာထိုးသည့် ကလေးမိဘများကို ဒေါ်လာ ၁၀၀ တန် ဈေးဝယ်လက်မှတ်ပြန်ပေးကြောင်း သိရသည်။

### ကြိုးပမ်းလျက်ရှိ

အသက် ၁၈ နှစ်နှင့်အထက် နယူးယောက်သားများ ကိုဗစ် - ၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံနိုင်ကြောင်း နိုဝင်ဘာ ၁၅ ရက်တွင် နယူးယောက်မြို့ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးဌာနမှ ကော်မရှင်နာ ဒေ့ဗ်ချော့ရှီက ပြောသည်။ အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးနှင့် စီဒီစီတို့မှ အရွယ်ရောက်ပြီးသူများအားလုံး ကိုဗစ်- ၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးရန် ခွင့်ပြုချက်မပေးသေးပေ။

သို့သော်လည်း လာမည့်သီတင်းပတ်အတွင်း ခွင့်ပြုချက်ပေးနိုင်သည်ဟု မျှော်လင့်ထားကြသည်။ နယူးယောက်တွင်မူ အရွယ်ရောက်ပြီးသူတိုင်း ကာကွယ်ဆေး တတိယအကြိမ် ထပ်ထိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

### သက်သေပြချက်တစ်ခု

ခရစ္စမတ်ရာသီတွင် ခရီးသွားလာနိုင်ရေးအတွက်လည်း မျှော်လင့်ထားကြသည်။ အားလပ်ရက် ရာသီမရောက်မီ နယူးယောက်တွင် ကာကွယ်ဆေးထိုးနှံမှုများ ပြုလုပ်နိုင်ရေး မျှော်မှန်းထားကြသည်။ နယူးယောက်တွင် တစ်ပတ်တာအတွင်း ကိုဗစ်- ၁၉ ကူးစက်မှုမှာ ၁၃ ရာခိုင်နှုန်းရှိသည်။ သေဆုံးမှုနှုန်းနှင့် ဆေးရုံတက်ရသည့်နှုန်းမှာလည်း ကျဆင်းလျက်ရှိသည်။ ကာကွယ်ဆေးထိုးခြင်းကြောင့် ပြင်းထန်စွာဖျားနာခြင်းကို အကာအကွယ်ပေးနိုင်သည်ဟု သက်သေပြချက်တစ်ခုပင် ဖြစ်သည်။

### ကာကွယ်ဆေးထိုးထားရန်လို

ကော်လိုရာဒိုပြည်နယ်တွင်မူ ကိုဗစ်- ၁၉ ကြောင့် ဆေးရုံတက်ရသူနှုန်းမှာလည်း မြင့်မားလျက်ရှိသည်။ တရားရုံးများတွင် တက်ရောက်ကြသူများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမှ နှိမ်နင်းနိုင်ရေးအတွက် ကာကွယ်ဆေးထိုးထားရန်လိုအပ်သည်ဟု ပြည်နယ်အာဏာပိုင်များက ပြောသည်။

ကော်လိုရာဒိုပြည်နယ်သည် တောင်တန်းထူထပ်သည့် အနောက်ပိုင်းပြည်နယ်တစ်ခုဖြစ်ပြီး ဒယ်လ်တာဗိုင်းရပ်စ်ကူးစက်မှုကြောင့် လူပေါင်း ၁၅၀၀၀ ကျော် သေဆုံးခဲ့ရသည်။ မစ္စစပီမြစ်အနောက်ဘက်ပြည်နယ်ခုနစ်ခု၌ အထူးကြပ်မတ်လူနာဆောင်တွင် ကုသမှုခံယူနေရသည့် ကိုဗစ် - ၁၉ လူနာများမှာ ၃၀ ရာခိုင်နှုန်းရှိသည်။

### သတိပေးချက်ထုတ်ပြန်

အမေရိကန်ပြည်ထောင်စုသည် ပြည်ပခရီးသွားများအတွက် နယ်စပ်တံခါးများ ဖွင့်ပေးလိုက်စဉ် ဥရောပတွင် ကူးစက်မှု များပြားလာချိန်နှင့် တိုက်ဆိုင်နေသည့်အတွက်လည်း စိုးရိမ်မှုများ များပြားနေသည်။ ယခုအခါ ဟန်ဂေရီ၊ အိုက်စ်လန်နှင့် ချက်သမ္မတနိုင်ငံတို့သို့ ခရီးထွက်ခြင်းမှ ရှောင်ရှားကြရန်လည်း စီဒီစီက သတိပေးချက်ထုတ်ပြန်ထားသည်။

### ကူးစက်မှုဗဟိုချက်မနေရာဖြစ်လာနိုင်

အမေရိကန်ပြည်ထောင်စုသည် ဗြိတိန်နှင့် ဥရောပသမဂ္ဂနိုင်ငံများမှလာသော ကာကွယ်ဆေးထိုးပြီးသား ခရီးသွားများအတွက် မကြာသေးမီကမှ ၎င်း၏ နယ်စပ်တံခါးများကို ဖွင့်ပေးထားသည်။ ၁၈ လကျော်ကြာ ပိတ်ထားပြီးနောက် ပထမဆုံးအကြိမ်အဖြစ် နယ်စပ်တံခါးများကို ဖွင့်ပေးခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဥရောပသည် ကိုဗစ် - ၁၉ ကူးစက်မှု၏ ဗဟိုချက်မနေရာဖြစ်လာနိုင်သည်ဟု မကြာသေးမီ အချိန်အတွင်းကမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထားသည်။

ကိုးကား - ဆင်ဟွာ

❋ အမေရိကန်ပြည်ထောင်စုတွင် တစ်ပတ်အတွင်း ကူးစက်မှုအသစ် ၈၂၀၀၀ ကျော် တွေ့ရှိပြီးနောက် အန်သိုနီဖောင်ချီက ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကူးစက်မှုပမာဏသည် ယခင်သီတင်းပတ်အတွင်း ကူးစက်မှုနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ၁၁ ရာခိုင်နှုန်း များပြားလာခြင်းဖြစ်သည်

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၃/၁-က)၊ ဦးပိုင်အမှတ်(၃၄/ခ)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧကရှိမြေကွက်သည် မူလက ဦးပိုင်(၃၄)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိသည့် မြေကွက်ဖြစ်ပြီး ဦးကရိုင်ယော် အမည်ဖြင့် ၃၀-၆-၂၀၂၀ထိ နှစ်(၃၀) ဂရန်ရရှိခဲ့ပြီး ဂရန်အမည်ပေါက်သူ ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်လဗျကိုင်ထန်မှ အမွေဆက်ခံစာချုပ်ပြုလုပ်၍ ဦးပိုင်(၃၄/ခ)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကအပိုင်းကို ၂၉-၁၂-၂၀၂၀ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံ တင်အမှတ်(၄၇၈/၂၀၂၀)ဖြင့် ဒေါ်ခါးတောမ်ထံသို့ တရားဝင်ရောင်းချခဲ့ပါသည်။ ယခုအခါ ဒေါ်ခါးတောမ် ၁/မကန(နိုင်)၁၀၃၁၆၇အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၃/၁-က)၊ ဦးပိုင်အမှတ်(၃၄/က)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧကရှိမြေကွက်သည် မူလက ဦးပိုင်(၃၄)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိသည့် မြေကွက်ဖြစ်ပြီး ဦးကရိုင်ယော် အမည်ဖြင့် ၃၀-၆-၂၀၂၀ထိ နှစ်(၃၀) ဂရန်ရရှိခဲ့ပြီး ဂရန်အမည်ပေါက်သူ ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်လဗျကိုင်ထန်မှ အမွေဆက်ခံစာချုပ်ပြုလုပ်၍ ဦးပိုင်(၃၄/က)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကအပိုင်းကို ၂၉-၁၂-၂၀၂၀ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၇၉/၂၀၂၀)ဖြင့် ဦးဝင်းအောင်မော်ထံသို့ တရားဝင်ရောင်းချခဲ့ပါသည်။ ယခုအခါ ဦးဝင်းအောင်မော် ၉/မရမ(နိုင်)၀၀၆၃၆၂အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၃/၁-ခ)၊ ဦးပိုင်အမှတ် (၁၁၉)၊ မြေရေိယာ ၀ ဒသမ ၁၄၆ ဧကရှိ မြေကွက်အား မူလက ဦးဖုန်ကမ်တူးဂျာအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၁၁၀၇/V (၁၉၈၉-၁၉၉၀)အရ ၃၀-၆-၂၀၂၀ ရက်ထိ နှစ် ၃၀ ဂရန်ရရှိခဲ့ပါသည်။ ၁၅-၈-၂၀၀၀ ရက်တွင် ဦးဖုန်ကမ်တူးဂျာကွယ်လွန်၍ တရားဝင်ဇနီးဖြစ်သူ ဒေါ်အင်ဂန်လုဆန်မှ အမွေဆက်ခံကာ မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာခြင်းဖြစ်ပါသည်။ ယခုအခါ ဒေါ်အင်ဂန်လုဆန် ၁/မကန(နိုင်)၀၁၉၉၄၉ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန် အသိပေးကြေညာချက်

ကျွန်တော်ပိုင်ဆိုင်သည့် စက်လှေ၊ မှတ်ပုံတင်အမှတ် ON-၁၅၂၀၊ စက် အမျိုးအစား နံပါတ်နှင့် မြင်းကောင်ရေ HINO EK 100(710) BPH No(1) 27685 (2)116827 ရှိ သန်းတိုးအောင်အမည်ရှိသော စက်လှေအား ကျွန်တော်မှ ဦးတင်အောင် ၁၂/တမန(နိုင်)၁၂၆၂၁၁ သို့ လွှန်ခဲ့သော ၁၀-၁၁-၂၀၂၁ရက်က လွှဲပြောင်းရောင်းချထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါစက်လှေသည် ကျွန်တော်တို့နှင့် ပိုင်ဆိုင်ပတ်သက်ခြင်း လုံးဝမရှိတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်နိုင်**
**၆/မအရ(နိုင်)၁၀၀၁၆၆**
**အမှတ်(၃၁၇)၊ သန္တာလမ်း၊ ကံခေါင်းရပ်၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၈)၊ တဖက္ကာကွင်း၊ ဦးပိုင်အမှတ်(၂၂)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧက၊ ဦးပိုင်အမှတ်(၂၂၃)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧက၊ ဦးပိုင်အမှတ်(၂၅၈)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧက၊ ဦးပိုင်အမှတ်(၂၅၉)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧက စုစုပေါင်းမြေရေိယာ ၀ ဒသမ ၂၂၀ ဧကရှိ မြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ်(၆၄/၂၀၁၆-၂၀၁၇)အရ ဦးထွန်းဝင်း အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ပေါက်သူထံမှ ဦးပိုင်အမှတ်(၂၂)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧက၊ ဦးပိုင်အမှတ်(၂၂၃)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧက စုစုပေါင်းမြေရေိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အား အရောင်းအဝယ်စာချုပ်အမှတ်(၁၃၁/၂၀၁၇)၊ (၁၃၂/၂၀၁၇) ဖြင့် ဦးဇော်ဝမ်း၊ ဒေါ်စန်းစန်းအေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (ခွဲစိတ်/အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဇော်ဝမ်း ၆/ပလန(နိုင်)၀၄၆၅၀၉၊ ဒေါ်စန်းစန်းအေး ၆/မအရ(နိုင်)၀၉၄၀၉၃ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ဇီဝမျိုးစုံ မျိုးကွဲတွေ ကွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၄၉၇၇၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန္တာထွန်း ၁၀/မလမ(နိုင်) ၂၃၇၉၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ယ/၁၄၅၀၂ ယာဉ်လက်ဝယ်ရှိသူ ဦးစောထွန်းအေး ၁၀/ကမရ(နိုင်) ၀၀၀၇၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဇရပ်ဆိပ်ရွာနေ ဒေါ်မြတ်သီတာ (ဘ)ဦးလှကြိုင် ၆/ပလန(နိုင်)၀၇၆၃၉၉ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်-

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုနယ်မြို့နေ ဦးမင်းမင်းစိုး (ဘ)ဦးမောင်ဆန်း၏သား ၆/ပလန(နိုင်)၀၅၆၄၄၄နှင့် ပုလောမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဇရပ်ဆိပ်ရွာနေ (ဘ)ဦးလှကြိုင်၏သမီး ဒေါ်မြတ်သီတာ ၆/ပလန(နိုင်)၀၇၆၃၉၉ တို့သည် ၅-၂-၂၀၁၇ ရက်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီး ယခုအခါ တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ဘဲ ဆက်လက်ပေါင်းသင်းရန် အကြောင်းမညီညွတ်တော့သဖြင့် ၂၅-၁၀-၂၀၂၁ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ဝင်း(B.Sc, H.G.P,R.L)**
**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်**
**စဉ်-၆၅၈၂/၂၀-၇-၁၉၉၈**
**အမှတ်၇၂၄၊ ၂၄လမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၆၉၅၀၀၅၀၇၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ဦးပေါ်ဦးလမ်း၊ အမှတ် ၁၀၁၈နေ ဦးအောင်ဇေယျ ၁၃/တယန(နိုင်)၀၃၉၈၃၉၏သား မောင်ဖြိုးဝေဟိန်း (၁၇နှစ်) ၁၂/ဒဂတ(နိုင်)၁၁၂၈၆၄ သည် ၁၃-၁၁-၂၀၂၁ရက်တွင် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါ၍ မောင်ဖြိုးဝေဟိန်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇေယျ(ဖခင်)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်၊ နယ်မြေ (၆)နေ ဦးခင်ဝင်းမောင် ၅/စကန(နိုင်)၀၃၆၃၃၇ နှင့် ဒေါ်ခင်မြ ၅/စကန(နိုင်)၀၃၆၃၃၈တို့၏ သမီးဖြစ်သူ မသီတာဝင်း ၅/စကန(နိုင်)၁၇၅၁၇၇သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **အမွေပြတ်စွန့်လွှတ်သူများ၏** |
| **ဦးခင်ဝင်းမောင်** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၅/စကန(နိုင်)၀၃၆၃၃၇** | **ဒေါ်လှလေးငယ် (LL.B) (D.B.L)** |
| **ဒေါ်ခင်မြ** | **အထက်တန်းရှေ့နေ** |
| **၅/စကန(နိုင်)၀၃၆၃၃၈** | **(စဉ် -၄၈၂၁၉)** |
| | **၃၈ (A)လမ်း၊ ၇၃ လမ်း၊** |
| | **မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၂၅၇၈၅၁၄၃၃** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

### မော်လမြိုင်ခရိုင်တရားမရုံးတော်၌

### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၂၂၅

| | | |
|---|---|---|
| ဦးကျော်သန်း | နှင့် | ဒေါ်ညိုညိုစိမ်းပါ-၂ |
| **တရားလို** | | **တရားပြိုင်များ** |

မော်လမြိုင်မြို့၊ အမှတ်(၁၁)၊ မြောက်ခရွှန်း၊ နောင်ခရိုရပ်နေ ဒေါ်ညိုညိုစိမ်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်စာချုပ်ပါအတိုင်း လက်ရောက်ပေးအပ်ရန် ပျက်ကွက်ခဲ့သည့်အတွက် ငွေကျပ် ၁၈၂သိန်းနှင့် နစ်နာကြေးငွေ ၅၈သိန်း ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၆ရက်(၁၃၈၃ခုနှစ် နတ်တော်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၁ခုနှစ် နိုဝင်ဘာ ၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောဖြူဖြူလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### တရားမကျင့်ထုံးကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀

### သံဖြူဇရပ်မြို့နယ်တရားရုံး

### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၆

| | | |
|---|---|---|
| ဒုတပ်ကြပ်မောင်မောင်လွင် | နှင့် | မနန္ဒာအောင် |
| **တရားလို** | | **တရားပြိုင်** |

မုဒုံမြို့နယ်၊ ပေါလောကျေးရွာနေ မနန္ဒာအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒုတပ်ကြပ်မောင်မောင်လွင် ကလင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် (၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းဇော်)**
**မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀

### မော်လမြိုင်ခရိုင်တရားရုံး

### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၁၂

| | | |
|---|---|---|
| ဒေါ်ဇာဇာ | နှင့် | ၁။ ဒေါ်ပန်းစိန်(ခ)မချင်း |
| | | ၂။ ဦးမြင့်စိုး |
| | | ၃။ ဦးရှိန် |
| **တရားလို** | | **တရားပြိုင်များ** |

ကျိုက်မရောမြို့နယ်၊ ကော့ဝမ်းကျေးရွာနေ (၂)တရားပြိုင် ဦးမြင့်စိုး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တရားလို ဒေါ်ဇာဇာက နစ်နာကြေးငွေ ကျပ်သိန်း(၂၀၀)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၅ ရက် (၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူများ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သူခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ညောင်ဦးမြို့နယ်၊ လက်ပန်ခြေပေါ်ကျေးရွာနေ ဦးချစ်မောင် ၉/ညဥန(နိုင်)၀၉၀၁၀၆၊ ဒေါ်လှဆင့် ၉/ညဥန(နိုင်)၀၈၉၀၉၂ တို့၏သား မောင်သူရချစ် ၉/ညဥန(နိုင်)၁၆၇၃၄၇ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဦးချစ်မောင်-ဒေါ်လှဆင့်**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ၂၀၂၁-၂၀၂၂(ကြားကာလ)ဘဏ္ဍာနှစ်(၀၃/၂၀၂၁-၂၀၂၂)ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ သစ်မာသစ်ပါးလွှာ ၁၈၇၈ ဒသမ ၄၄၅၉ကုဗမီတာအား အမေရိကန်ဒေါ်လာ(US$)ဖြင့် အိတ်ဖွင့်လေလံစနစ်ဖြင့် ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့်အညီ အတိအကျလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **ရောင်းချမည့်ရက်နှင့်အချိန်** | - | ၂၆-၁၁-၂၀၂၁ရက်(သောကြာနေ့) မွန်းတည့် ၁၂:၀၀နာရီ |
| (ခ) | **ရောင်းချမည့်နေရာ** | - | သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့ |

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော် လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ် ၁၀၀ ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ပေxအနံ ၆၀ပေ) အကျယ်ရှိ ဒေါ်တင်လှ (CE-၀၇၈၉၂၈) ၁၂/ပဘတ(နိုင်)၀၁၆၅၅၄ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း အကျယ်အဝန်းပေ (၂၀x၆၀)ရှိဂရန်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသိန်းနိုင်ဦး (ဘ)ဦးသိန်းဇော် ၉/မလန(နိုင်)၁၀၉၈၀၅ ကရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်ပစ္စည်း၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဝင့်ဝါထွန်း LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၀၄) (၈-၁-၂၀၂၀)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၂၅၀၇၅၀၇၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရွှေဟင်္သာအဆင့်မြင့်အိမ်ရာစီမံကိန်း၏ ၁၇၀၀စတုရန်းပေ အကျယ်အဝန်းရှိ တိုက် Crystal Jade Tower C-1၊ အခန်းအမှတ်(၇၁၀)၊ ၇ထပ်ရှိ တိုက်ခန်း(၁)ခန်း၊ အိမ်သုံးလျှပ်စစ်မီတာ(၁)လုံး၊ ရေ၊ မီးအပြည့်အစုံအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယူနီဗာဆယ်ဆောက်လုပ်ရေး၊ ကုမ္ပဏီနှင့်မြို့ရွာအိုးအိမ်ဖွံ့ဖြိုးရေးဌာနတို့ ပူးပေါင်းတည်ဆောက်ထားသော ကွန်ဒိုတိုက်ခန်းကို Universal Construction Co.,Ltd ထံမှ ၁၁-၃-၂၀၁၃ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သိမ့်သိမ့်စိုး ၁၂/ဥကမ(နိုင်)၀၀၂၃၉၉ တိုက်(C-1)၊ အခန်း အမှတ်(၇၁၀)၊ ၇ထပ်၊ ရွှေဟင်္သာအဆင့်မြင့်အိမ်ရာစီမံကိန်း၊ Crystal Jade Tower C-1၊ ရွှေဟင်္သာလမ်း၊ ၆မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂** |

**အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/ကင်ပွန်းတန်း၊ ဦးပိုင်အမှတ်(၃၊ ၁၄)၊ ဧရိယာ ၃ ဒသမ ၀၁၁ ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ ဦးအောင်ဇော်နိုင်မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး SHWE TAUNG NAYPYITAW DEVELOPMENT COMPANY LIMITED နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

